# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ) အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပဲခူးမြို့ မဟာသင်္ကြန်ပွဲတော်ကို အလှပြယာဉ်များဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



၁၃၈၄ ခုနှစ်က ပဲခူးမြို့၌ မဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ တွေ့ရစဉ်။

ပဲခူး မတ် ၃၁

၁၃၈၅ ခုနှစ် ပဲခူးမြို့၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည့် ရေပက်ကစားသည့်ပွဲတော်သည် မြန်မာလူမျိုးများ၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် အစောဆုံးကျင်းပသည့် ပွဲတော်လည်းဖြစ်ပြီး မြန်မာလူမျိုးများသာမက မြန်မာနိုင်ငံတစ်ဝန်းရှိ လူမျိုးပေါင်းစုံပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြကာ သင်္ကြန်၏ အထိမ်းအမှတ် သင်္ကေတများဖြစ်သည့် ရေပက်ကစားခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ သင်္ကြန်သီချင်း၊ သင်္ကြန်ယိမ်းများဖြင့် သီဆိုကပြခြင်းများ အပါအဝင် ယခုနှစ်တွင် သင်္ကြန်အလှပြယာဉ်များဖြင့် မြို့တွင်းလှည့်ကာ သင်္ကြန်ယိမ်းများဖြင့် ကပြခြင်း၊ တေးဂီတများ သီဆိုဖျော်ဖြေခြင်းများဖြင့် ပဲခူးမြို့၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်က ပြီးခဲ့တဲ့ သင်္ကြန်ပွဲတော်ထက် ပိုစည်မယ်လို့ သိရတယ်။ ပြီးခဲ့တဲ့နှစ် သင်္ကြန်မှာ လမ်းလျှောက်သင်္ကြန်တို့၊ စတုဒိသာကျွေးတာတို့၊ ဗဟိုမဏ္ဍပ်မှာ အဆိုတော်တွေနဲ့ ယိမ်းအကပြိုင်တာ၊ ဖျော်ဖြေတာတွေ၊ ဝန်ကြီးဌာနမဏ္ဍပ်တွေက ဖျော်ဖြေရေး အစီအစဉ်တွေနဲ့ အလွန်စည်တာ၊

စာမျက်နှာ ၃ ကော်လံ ၁ ◆


ယနေ့ ဖတ်စရာ

ကျေးရွာများ၌ နွေရာသီရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးခြင်း
ပြည်တွင်းသတင်း | စာ ၃

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ
ပြည်တွင်းသတင်း | စာ ၄

ပြည်ထောင်စုမှာမွေး ပြည်ထောင်စုသွေးမို့ ပြည်ထောင်စုအရေးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြပါမည်
ဆောင်းပါး | စာ ၁၆


# မုဒုံမြို့နယ်၌ ဒူးရင်းသီးများ စတင်ထွက်ရှိပြီး ဈေးကောင်းရရှိကာ စိုက်ပျိုးသူများ အဆင်ပြေ

မုဒုံ မတ် ၃၁

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ် ဒူးရင်းသီးများ စတင်ထွက်ရှိချိန် လူကြိုက်များသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

မုဒုံမြို့နယ်တွင် ဒူးရင်းပင်အမျိုးအစားပေါင်း ၂၀ ခန့်စိုက်ပျိုးကြရာ မွန်ထောင်း၊ ချန်နီ၊ မလေးမျိုး (မူဆန်ကင်း)၊ ထိုင်းမျိုးတို့ကို ပျိုးပင်များနှင့် ကိုင်းဆက်ကိုင်းကူးနည်းဖြင့် အဓိကထား ပိုမိုစိုက်ပျိုးကြသည်။

ဒူးရင်းပင် ကိုင်းဆက်မျိုးများကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးများ စတင်ထွက်ရှိကြောင်း၊ ဒူးရင်းပင် တစ်ဧကလျှင် အပင်တန်းကြား ပေ ၃၀ ပတ်လည်စိုက်ပျိုးမည်ဆိုပါက ၄၈ ပင်၊ ၂၅ ပေ ပတ်လည်စိုက်ပျိုးမည်ဆိုပါက အပင် ၇၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း၊ အပင်များ ပိုးမကျစေရန်နှင့် သဘာဝဓာတ်မြေသြဇာများ ထည့်သွင်းခြင်းလုပ်ငန်းများကို နည်းစနစ်တကျစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်း တစ်ဧကစိုက်ပျိုးရုံဖြင့် တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်း ၁၀၀ ကျော် ရရှိနိုင်ကြောင်း၊ ယခု ဒူးရင်းသီးများ စတင်ထွက်ရှိချိန်

စာမျက်နှာ ၃ ကော်လံ ၁ ❈



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မာစရိယစာဖြေဌာနရှိ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ စာဖြေသံဃာနှင့် သီလရှင်များအား ဖူးမြော်ကြည်ညို

**ရန်ကုန် မတ် ၃၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဟံသာသီရိကုန်းမြေရှိဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပရိဝုဏ် ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များဖြစ်သည့် ရွှေဟသ်ာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်၊ ကပ္ပိယကျောင်းဆောင်များအား ပြုပြင်ပြီးစီးမှုအခြေအနေနှင့် အမိုးပါကားပါကင်ဆောင်ရွက်မှု၊ ဝန်ထမ်းအိမ်ရာများအား နံရံပြုလုပ်မှု၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်ပြုလုပ်မှု၊ ခြံစည်းရိုး အုတ်တံတိုင်းကာရံမှု၊ ပြင်ပလျှပ်စစ်မီးနှင့် အခြားဆက်စပ်လုပ်ငန်းများ၊ ဟံသာသီရိကုန်းမြေ မြေပြုပြင်ခြင်းနှင့် မြေယာရှင်းလင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်စာဖြေဌာန၌ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိကြသော သံဃာတော်များ၊ သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် စာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးဆရာတော်များကို ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူတော်ငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းပြီး အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုတော်မူကြသော သံဃာတော်များနှင့်သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ (ဓါတ်ပုံ)

၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၆၇ ဌာန၌ မတ် ၂၈ ရက်မှစတင်၍ ကျင်းပဖြေဆိုလျက်ရှိပြီး ယနေ့ သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ(ဒုတိယနေ့)တွင် စာရင်းသွင်း ၁၃၆၈၆ ပါး/ဦး၊ ဖြေဆို ၁၀၉၂၇ ပါး/ဦး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရဓမ္မာစရိယစာဖြေဌာန ၁၆ ဌာန၌ စာရင်းသွင်း ၄၇၆၂ ပါး/ဦး၊ ဖြေဆို ၃၈၇၂ ပါး/ဦးနှင့် မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရား ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်စာဖြေဌာန၌ စာရင်းသွင်း ၃၁၁ ပါး၊ ဖြေဆို ၂၆၈ ပါးတို့ ဝင်ရောက်ဖြေဆိုကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါရိန္ဒအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်းတက္ကသိုလ်မှ ဆက်ကပ်သော ဒေါက်တာဘွဲ့ဂုဏ်ဝိသိဋ္ဌဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**

မွန်ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကန်ဦးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါရိန္ဒအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်း ရာဇဝိဒယ ဘုရင့်တက္ကသိုလ်မှ ဆက်ကပ်သော ဒေါက်တာဘွဲ့ ဂုဏ်ဝိသိဋ္ဌဂုဏ်ပြုပွဲနှင့် သိက္ခာတော်ထပ် မင်္ဂလာအခမ်းနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကန်ဦးကျောင်းတိုက်၌ ကျင်းပရာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါရိန္ဒနှင့် ပင့်သံဃာတော်များ၊ အလှူရှင် ဦးမျိုးမြင့်၊ ဇနီးဒေါ်တင်တင်ကြည်နှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာအခမ်းနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အလှူရှင်မိသားစုနှင့် ပရိသတ်များက ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ကြွရောက်တော်မူလာကြသည့် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

ယင်းနောက် အလှူရှင်မိသားစုနှင့် ဧည့်သည်တော်များက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါရိန္ဒထံမှ ရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရပ်နားခဲ့သည်။ ဆရာတော်ကြီးသည် သာသနာတော် တည်တံ့ရေးအတွက် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့သောကြောင့် ဆရာတော်အား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်း ရာဇဝိဒယ ဘုရင့်တက္ကသိုလ်မှ ဆက်ကပ်သော ဒေါက်တာဘွဲ့ဆက်ကပ်ချီးမြှင့်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

◆ ***ရွှေဖုံးမှ***

ရေပက်ကစားကြတဲ့ ပြည်သူတွေကလည်း အများကြီးပဲ၊ အေးအေးချမ်းချမ်းနဲ့ပျော်စရာကြီးပါ” ဟု ကလျာဏီရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ယခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ဒေသနေပြည်သူများနှင့် လာရောက်လည်ပတ်ရေကစားကြမည့် ပြည်သူများ ပျော်ရွှင်စွာဖြင့် ရေပက်ကစားနိုင်ရေးနှင့် အတာသင်္ကြန်၏ အနှစ်သာရများအား တွေ့မြင်နိုင်ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၃ ဖွဲ့၊ ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ခြောက်ဖွဲ့နှင့် ဧည့်ခံဖျော်ဖြေရေး ယိမ်းအဖွဲ့ လေးဖွဲ့တို့ဖြင့် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ယှဉ်ပြိုင်ကပြဖျော်ဖြေကြမည်ဖြစ်ကြောင်းနှင့် ပဲခူးမြို့တွင်းသို့လည်း သင်္ကြန်အလှပြယာဉ်ဖြင့် ယိမ်းအဖွဲ့များမှ သင်္ကြန်ယိမ်းအကများဖြင့်လည်းကောင်း၊ တေးဂီတအဖွဲ့များက တေးသီချင်းများဖြင့်လည်းကောင်း လှည့်လည်ကပြသီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

❊ ***ရွှေဖုံးမှ***

ဒူးရင်းအမျိုးအစားပေါ် မူတည်၍ တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀ အထက်ရရှိကြောင်း ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက် တောင်သူတစ်ဦးက ပြောသည်။ မုဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပတင်ပို့နိုင်ရန် ဒူးရင်းမျိုးများ သုတေသနပြုစိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ကျေးရွာများ၌ နွေရာသီရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန်ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများဖြစ် ပေါ်လာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန်နှင့်အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် www.water-donation.com Website အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာ ကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက ဖုန်း၊ Facebook၊ Viber၊ Messenger စသည့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီးဖြစ်ပါသည်။

ထို့အပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါသည်။ အဆိုပါ Water-Donation Mobile Application အား ဖော်ပြပါ Website တွင် အလွယ်တကူ ရယူအသုံးပြုနိုင်ပါကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# တိရစ္ဆာန်အစာချဉ်ဖတ် ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့် ကျွေးမွေးခြင်း သရုပ်ပြ



**နေပြည်တော် မတ် ၃၁**

တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့် ကျွေးမွေးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် နို့စားနွားမွေးမြူရေး သရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွေးမြူရေးတောင်သူများ တက်ရောက်ကြသည်။

မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတွင် စုစုပေါင်း ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းရှိသည့် အစာကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးသည် အရေးကြီးဆုံး အချက်တစ်ခုဖြစ်ကြောင်း၊ ပြည်ပမှ အစာကုန်ကြမ်းများတင်သွင်းနေမှုကို လျှော့ချနိုင်ရန်နှင့် ပြည်တွင်း၌ ထွက်ရှိသည့် မွေးမြူရေးအစာကုန်ကြမ်းများဖြင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာ ပါဝင်ပြီး အရည်အသွေးပြည့်မီသော တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယနေ့ ပြုလုပ်ကျင်းပသည့် သရုပ်ပြပွဲတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသော တောင်သူများအား တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ ကောက်ရိုးပြုပြင်ခြင်းနှင့် ကျွေးမွေးခြင်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးတောင်သူများအနေဖြင့် သိရှိလိုသည်များမေးမြန်းသွားကြပြီး မိမိတို့မွေးမြူထားကြသည့်တိရစ္ဆာန်များ၏ အသားနှင့်နို့ထုတ်လုပ်မှုတိုးတက်စေရန် အာဟာရပြည့် တိရစ္ဆာန်အစာများ ကျွေးမွေးနိုင်မည့် နည်းလမ်းများကို လက်တွေ့အသုံးပြု ဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ကျွေးမွေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့သရုပ်ပြသကြရာ မွေးမြူရေးတောင်သူများက သိရှိလိုသည်များကို စိတ်ဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့်မွေးမြူရေးတောင်သူများ၏ နို့စားနွား မျိုးဖြန့်ဖြူးရေးခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မိုးရေကောင်းစွာရရှိသည့် မိုးရာသီကာလများတွင် တိရစ္ဆာန်များအတွက် အာဟာရပြည့်ဝသော မြက်၊ ပြောင်း စသည့်အစာစိမ်းများ ရရှိသောကြောင့် တိရစ္ဆာန်များ၏ ကြီးထွားနှုန်းကောင်းမွန်သဖြင့် ထုတ်လုပ်မှုမြင့်မားသော်လည်း ခြောက်သွေ့ကာလများနှင့် ရေရှားပါးသည့် ဒေသများတွင် တိရစ္ဆာန်အစာပင်များ ဖြစ်ထွန်းမှုမရှိခြင်း၊ တိရစ္ဆာန်အစာပင်များ ကောင်းစွာရှင်သန်ဖြစ်ထွန်းရန် ခက်ခဲခြင်း၊ တိရစ္ဆာန်အစာပင်များထုတ်လုပ်ရန် စရိတ်ကြီးမြင့်ခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သော တိရစ္ဆာန်အစာပမာဏကို အလုံအလောက်ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိရာ စပါးစိုက်ပျိုးသည့် ဒေသတိုင်းတွင် အလွယ်တကူရရှိနိုင်သော ကောက်ရိုးများကို ပြုပြင်ကျွေးမွေးနိုင်ရေးနှင့် ပြောင်းသီးနှံဘေးထွက်ပစ္စည်းဖြစ်သည့် ပြောင်းရိုးများ၊ တိရစ္ဆာန်အစာပင်များကို တိရစ္ဆာန်အစာချဉ်ဖတ် ပြုလုပ်အသုံးပြုနည်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖြန့်ဝေပေးလျက်ရှိကြောင်း၊ တိရစ္ဆာန်အစာချဉ်ဖတ်ကို စနစ်တကျ ပြုလုပ်သိုလှောင်ထားမည်ဆိုပါက ရာသီဥတုအပေါ်မူတည်၍ နှစ်နှစ်မှ ၁၀ နှစ်ခန့်အထိ သိုလှောင်ကျွေးမွေးနိုင်မည်ဖြစ်၍ မွေးမြူရေးလုပ်ငန်းများတွင် ကြုံတွေ့ရလျက်ရှိသည့် အာဟာရပြည့်ဝသော အစာစိုရှားပါးမှုကြောင့် အသားနှင့်နို့ထုတ်လုပ်မှုလျော့ကျခြင်း၊ မျိုးပွားမှုထိခိုက်ခြင်းတို့ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် မတ် ၃၁**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၄၄၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို အသီးသီးဂုဏ်ပြုပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ နှမ်းစပါးစိုက်ခင်းများ ပိုးမွှားကျရောက်မှု ရှိ၊ မရှိ ကွင်းဆင်းကြည့်ရှု

**သာယာဝတီ မတ် ၃၁**

သာယာဝတီမြို့နယ် အတွင်း နွေစပါးစိုက်ခင်းများတွင် မျိုးကွဲပယ်ခြင်း၊ ပေါင်းနုတ်တမန်းနှိုးခြင်း၊ ပိုးမွှားကျရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကို သာယာဝတီမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီက ကွင်းဆင်းကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုက သင်တောရိုးအုပ်စုအတွင်းရှိ နွေစပါးစိုက်ခင်းများအတွင်း နွေစပါးများကို စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ မျိုးကွဲများ ကင်းစင်ရေး၊ ပိုးမွှားများ ကျရောက်မှု မရှိစေရေးနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို နွေစပါးစိုက် တောင်သူများနှင့် ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်သည်။

သင်တောရိုး ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားများ၏ ရေမြေနှင့် ကိုက်ညီသော နွေစပါးမျိုးစေ့ထုတ်လုပ်နိုင်လျှင် အခြားဒေသများမှ မျိုးစပါးများ ဝယ်ယူပို့ဆောင်ရေး စရိတ်သက်သာ၍ အဆင်ပြေချောမွေ့စေရန်၊ တောင်သူများ လိုအပ်သည့်အချိန်တွင် ဈေးနှုန်းသက်သာပြီး လွယ်ကူအဆင်ပြေစေရန်နှင့် မျိုးစေ့ထုတ်သော တောင်သူများကိုယ်တိုင်လည်း မျိုးကောင်း/မျိုးသန့်များ ထုတ်လုပ်နိုင်လျှင် ဈေးနှုန်းကောင်းလာမည် ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

### စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၁ ရက်မှ ဧပြီ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

### Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပဲခူး မတ် ၃၁

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မတ် ၃၀ ရက် နံနက်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် လေးမျက်နှာဘုရား (ကျိုက်ပွန်ဘုရား) အဝင်လမ်းနှင့် ဘုရားပရိဝုဏ်တို့၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုနှင့် ခြင်ဆေးမှုတ်ခြင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဘုရားအဝင်လမ်း လမ်းဘေးဝဲ/ယာ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရေးနှင့် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဘုရားတန်ဆောင်းများရှိ ဆီဆေး၊ ရေဆေးများ ပြန်လည်ဆေးသုတ်ရန်နှင့် သာသနာ့နယ်မြေအတွင်း ကျူးကျော်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း (ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်း(ဝဲ/ယာ)၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၏ ပေါင်းစုအားဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုနှင့် အကောင်းဆုံးကစားသမားဆု၊ ဂိုးသမားအကောင်းဆုံးဆုတို့ ရရှိခဲ့သော ကချင်ပြည်နယ်လက်ရွေးစင်ဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြု

**မြစ်ကြီးနား မတ် ၃၁**

၂၀၂၄ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို နေပြည်တော်၌ကျင်းပရာ ကချင်ပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ကာ ဒုတိယဆုအပြင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးသမားအကောင်းဆုံးဆုများကို ရရှိခဲ့ပြီး မတ် ၃၀ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထိုသို့ လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိမှုကို မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အကအဖွဲ့တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုကြသည်။ **(အောက်ပုံ)**

ထို့နောက် လေဆိပ်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်သည် လက်ရွေးစင် ဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများနှင့် တွေ့ဆုံပြီး ပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံခြေစွမ်းကို ပြသနိုင်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့သည်ကို စိတ်ပျက်အားငယ်မှုမရှိဘဲ လာမည့်နှစ်များတွင် ပထမဒိုင်းဆုကို ဆွတ်ခူးနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ယင်းနောက် လက်ရွေးစင် ဘောလုံးအသင်း တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ရွေးစင် ဘောလုံးအသင်းအတွက် ဂုဏ်ပြုပွဲကျင်းပပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၃၁**

၂၀၂၄ ခုနှစ်၊ မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

**ခမ်းနားထည်ဝါစွာတွေ့မြင်နိုင်**

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီး ပုံဖော်အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

**လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကား**

ထို့အပြင် ၂၀၂၄ ခုနှစ်၊ (၇၉) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့်ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မျိုးစေ့ချကိရိယာ(Seeder) ဖြင့် စိုက်ပျိုးခဲ့သည့် စံကွက်မှ တစ်ဧက ၁၂၃ တင်းကျော် ထွက်ရှိ

ရန်ကုန် မတ် ၃၁

**ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တောကျေးရွာ တောင်သူ ဦးခင်မောင်အေး၏ စံကွက် ၃ ဧကတွင် ရက် ၉၀ စပါးကို လွန်ခဲ့သော သုံးလခန့်က မျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းပွဲကို ယမန်နေ့က အဆိုပါစံကွက်၌ ကျင်းပသည်။** (ယာပုံ)



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသခံ တောင်သူများသည် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် အဆိုပါ စံကွက်ရှိ စပါးရိတ်သိမ်းနေမှုကိုလည်း ကောင်း၊ ရိတ်သိမ်းပြီး စပါးများအား ချိန်တွယ်နေမှု ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် စံကွက်စိုက်ပျိုးသူတောင်သူ ဦးခင် မောင်အေးက ယခင်ကြဲပက်စိုက်ပျိုးကြရာ တစ်ဧက အထွက်နှုန်း တင်း ၇၀ / ၈၀ သာရှိရာ ယခု Seeder ဖြင့် စိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်း ၁၂၃ ဒသမ ၀၄ တင်း ထွက်ရှိကြောင်း၊ လာမည့် မိုးစပါး ရာသီကို Seeder ဖြင့်သာ စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ဘဝတူ တောင်သူများအနေဖြင့် Seeder ဖြင့် စိုက်ပျိုး ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေစပါးပြီးပါက မြေကိုအလွတ်မထားဘဲ သီးနှံများ စိုက်ပျိုးရန်၊ မိုးစပါးရာသီတွင်လည်း Seeder ဖြင့် စိုက်ရန်၊ မိရိုးဖလာကောက်စိုက်သမဖြင့် စိုက်ခြင်း၊ ကြဲပက်စိုက်ပျိုးခြင်းများသည် အလေအလွင့်နှင့် ဆုံးရှုံးမှုများရှိခြင်း၊ အချိန်ကုန်ခြင်း၊ ငွေကြေးကုန်ကျမှု များခြင်းများရှိ၍ Seeder ဖြင့်သာ စိုက်ပျိုးကြ ရန်နှင့် Seeder ဖြင့် စိုက်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို အခြားတောင်သူများအား လက်ဆင့်ကမ်း ပြောကြားပေးရန် ပြောကြားသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် နွေစပါးလျာထား ၁၇၇၇၃ ဧက လျာထားသော်လည်း ၂၁၃၀၅ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက် ကျော်လွန်စိုက်ပျိုး နိုင်ခဲ့ကြောင်းနှင့် မိုးရာသီတွင် Seeder ဖြင့် စိုက်ပျိုး ကြရန် တောင်သူများအား အသိပညာပေး ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း / အမှုထမ်းများ နေထိုင်သည့် အိမ်ရာများနှင့် အဆောင်များ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဦးစီးဌာနများမှ တာဝန်ရှိသူများ နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အရာထမ်း / အမှု ထမ်းများနေထိုင်သည့် ဝန်ထမ်း အိမ်ရာများနှင့် အဆောင်များ ပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပရေးဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့ သည် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ တိုက်အမှတ်(၅၆၊ ၅၇၊ ၅၈၊ ၅၉) ရှိ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံများ ခုတ်ထွင်ခြင်းနှင့် ရေမြောင်းများ ရှင်းလင်းခြင်း၊ ခြံစည်းရိုးအဟောင်း အပျက်များ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို လည်း ကောင်း၊ ဥဇ္ဇာသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၆၁၁၃၊ ၃၃၇၀၊ ၃၃၇၁၊ ၃၃၇၂၊ ၃၃၇၈၊ ၃၃၇၉) အိမ်ရာများ ၏ အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ထိုသို့စစ်ဆေးစဉ် ဒုတိယ ဝန်ကြီးက ဝန်ထမ်းအိမ်ရာများကို နေချင့်စဖွယ်ဖြစ်အောင် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး ဆောင် ရွက်ရန်လိုကြောင်း၊ အိမ်ရာ စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ပြီး မသက်ဆိုင်သူများ လာရောက်နေထိုင်မှု မရှိစေရေး နှင့် မိသားစုဝင်များ၊ ဆွေမျိုးများ လာရောက် တည်းခိုနေထိုင်ပါက ဧည့်စာရင်း တိုင်ကြားရန်လို ကြောင်း၊ အိမ်ရာဝန်းကျင်ရှိ ရေမြောင်းများရေစီးရေလာကောင်း မွန်စေရန်အတွက် ဆောင်ရွက်ထား ရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် အပျိုဆောင်၊ သပြေ (၂) အဆောင်(၁၊ ၂၊ ၃၊ ၄) တို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပုသိမ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ပုသိမ် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃) ရပ်ကွက်၌ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မတ်လ နောက်ဆုံးပတ်က ကွင်းဆင်းဆောင်ရွက် ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူး ဦးကျော် ထွန်းနှင့် ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မိုးသန္တာတို့ ဦးဆောင်သည့်အဖွဲ့သည် အမှတ်(၃) ရပ်ကွက်အတွင်းရှိ ပြည်သူများ အတွက် အိမ်ထောင်စုလူဦးရေစာရင်း ဦးရေ ၃၀ နှင့် အသက် ၁၆ နှစ်နှင့်အထက် အမျိုးသား ၇၀၊ အမျိုးသမီး ၈၀ တို့အတွက် နိုင်ငံသား စိစစ်ရေးကတ်များ ဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးက ရပ်ကွက် နေ ပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူး များအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါ အဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း နှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်း ဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေး ကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စု ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက် သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူ ခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလို ပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။



**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ မတ် ၃၀ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ အားသစ်လမ်းနိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က အရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ၊ ထု သုံးလက်မခွဲ နိုင်လွန်ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် မုံရွာမြို့အတွင်းရှိ ရပ်ကွက်လမ်းများ၌ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာမြို့အတွင်းရှိ ရပ်ကွက်လမ်းများ၌ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့သစ်ရပ်ကွက်ရှိ ထင်းရှူးလမ်း အရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ၊ ထု သုံးလက်မခွဲ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုကို တာဝန်ရှိသူများနှင့်အတူ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်စေရေး၊ ရပ်ကွက်များအတွင်းရှိ လမ်းများအား သန့်ရှင်းသပ်ရပ်စေရေးနှင့် သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များ ပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မုံရွာမြို့ မြို့သစ်ရပ်ကွက် မင်္ဂလာလမ်း လမ်းဘေးဝဲ/ယာများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲ -၂၀၂၄ ကျင်းပ

**ရန်ကုန် မတ် ၃၁**

မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲ - ၂၀၂၄ ကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ YCC ခန်းမ၌ ကျင်းပသည်။

မတ် ၂၉ ရက်က ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက ယနေ့ပြပွဲကြီးတွင် ပြည်တွင်းအခြေစိုက် ကုမ္ပဏီကြီးများသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့် ပြည်ပမှကုမ္ပဏီများ၊ လုပ်ငန်းများ လာရောက်ပြသပြီး မြန်မာနိုင်ငံဈေးကွက်ကို ဝင်ရောက်ရန် ပြင်ဆင်နေသည်ကို တွေ့ရပါကြောင်း၊ ပြည်ပမှ လာရောက်သည့် လုပ်ငန်းရှင်များ၊ Exhibitor များကိုလည်း ကြိုဆိုကြောင်း၊ ယခုလိုပြပွဲကြီးများက နိုင်ငံ့စီးပွားရေးအတွက် များစွာ အထောက်အကူ ဖြစ်စေသလို အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာဖန်တီးပေးသည်ကို တွေ့ရကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌွေး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရိုန်ဝင်းတို့က အမှာစကားပြောကြားကြပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ရာ၊ လျှပ်စစ်နှင့် စိမ်းလန်းစွမ်းအင်ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။ (ဝဲပုံ)

အဆိုပါပြပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပသောနိုင်ငံတကာအဆင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် စိမ်းလန်းစွမ်းအင်ဆိုင်ရာ ပြပွဲကြီးဖြစ်ပြီး ယမန်နှစ် ပထမအကြိမ်ပြပွဲထက်ပိုမိုကြီးမားကာ ပြည်တွင်းပြည်ပမှ ကုမ္ပဏီပေါင်း ၈၀ ကျော်၊ SME လုပ်ငန်းပေါင်း ၂၀ တို့အပါအဝင် ပြခန်းပေါင်း ၂၀၀ ကျော် ပါဝင်၍ မတ် ၃၁ ရက်အထိ ပြသကြောင်း သိရသည်။ **အောင်မြင့် (ပြန်/ဆက်)**

## Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး မတ် ၃၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ T.B.C စီးပွားရေးဇုန်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိ ကော်ဖီသီးစို အခြောက်ခံနေမှု၊ ခွဲခြမ်းသန့်စင်မှုနှင့် ထုပ်ပိုးထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြည်ပပို့ကုန် ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် လွိုင်လင်၊ ဟိုပုံး၊ မိုင်းပွန်ဒေသမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများ၏ ကော်ဖီသီးနှံများကို အသင်းသား အကျိုးမြတ်ရရှိစေရေးနှင့် ပြည်ပပို့ကုန်လျာထားချက် ပြည့်မီအောင် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ အဆိုပါအသင်းတွင် အသင်းသား ၉၁၈ ဦးရှိပြီး ယခင်နှစ် ကော်ဖီရာသီတွင် ကော်ဖီတန်ချိန် ၁၅၆ ဒသမ ၇ တန် ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ)ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(စ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ်ရရှိသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉၊ ပုဒ်မ ခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း၊

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့် အခွန်မှတွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင် ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်ပေးရမည်။

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ-

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့် ကုမ္ပဏီများသည် ယခင်က ဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (၂) နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ (က)ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြေတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့်ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် –

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်–

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင် လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်–

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်–

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊

(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဌ) ရေခွန်၊

(ဍ) တာတမံခွန်၊

(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဏ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်–

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ –

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (စ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ)တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်–

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ)အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဇယား (၁)

### ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၄ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၇၂၀,၈၃၆.၉၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၃၂.၈၆၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၇၉၆,၄၂၃.၉၉၄ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၉,၁၇၄.၄၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၃၉,၆၅၂.၈၃၈ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၁၅၃,၂၈၈.၆၀၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၅၄.၁၈၈ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၅၃၉,၇၈၈.၄၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၈,၅၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၄၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ | ၁၀၁.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၄၃၇,၃၅၃.၉၆၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၄၃၇,၃၅၃.၉၆၈ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၇၆၀,၂၁၃.၃၇၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၈.၈၃၃ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃၆.၀၇၆ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၈၅၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၃၀၀ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃.၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅၄၉,၄၇၃.၆၇၀ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၃၂,၂၅၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၁၅၅,၃၄၇.၁၆၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၂၀၀.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။ | ၁,၈၄၆.၇၀၀ |
| | | | **စုစုပေါင်း** | **၉,၃၇၈, ၄၀၄.၂၆၈** |

---

## ပန်းတောင်းမြို့နယ်၌ ဆရာ ဆရာမများ ဘာသာရပ်မွမ်းမံသင်တန်းဆင်း



**ပန်းတောင်း မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ဘာသာရပ်အလိုက် သင်ကြားမှုစွမ်းရည်နှင့် သင်ကြားမှုနည်းစနစ်များ ပိုမိုကျွမ်းကျင်လာစေရန်၊ သင်ကြားမှုလုပ်ငန်းများ စစ်ဆေးအကဲဖြတ်တတ်စေရန်၊ သတ်မှတ်ထားသော စံညွှန်းကိန်းများကို တတ်ကျွမ်းနားလည်တတ်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် မြို့နယ်အဆင့် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းသင် ဆရာ ဆရာမများအား ဘာသာရပ် စွမ်းရည်မြှင့်မွမ်းမံသင်တန်းဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ပန်းတောင်းမြို့နယ် အထကကျောင်း ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသိန်းဒန်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် ဘာသာရပ်မွမ်းမံသင်တန်း ဖွင့်လှစ်ခဲ့သည့် ကျောင်းများအတွက် အလှူငွေများ ပေးအပ်သည်။

အဆိုပါဆွေးနွေးပွဲကို အလယ်တန်းအဆင့် ဆရာ ဆရာမ ၄၂၂ ဦး၊ မူလတန်းအဆင့် ဆရာ ဆရာမ ၇၉၃ ဦး တက်ရောက်ခဲ့ပြီး ငါးရက်တာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

လပြည့်လင်း
(ပြန်/ဆက်)

# လားရှိုးမြို့သို့ရောက်ရှိနေသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်



**လားရှိုး မတ် ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း တိုက်ပွဲဖြစ်စဉ်များကြောင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ ရောက်ရှိနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ယာယီတိုက်ပွဲရှောင် ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယ ပြည်နယ်ဦးစီးမှူးနှင့် လားရှိုးခရိုင် ဦးစီးမှူးတို့က အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ပေးအပ်သည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဝန်ထမ်းများက လားရှိုးမြို့၌ ရောက်ရှိနေကြသည့် ယာယီ တိုက်ပွဲရှောင် ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်လဲလှယ်ပေးခြင်း၊အသစ် ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ယာယီ တိုက်ပွဲရှောင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၃၀၊ လူဦးရေ ၃၉၅ ဦး အတွက် အိမ်ထောင်စု လူဦးရေစာရင်း ၈၉ ခု ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာယီတိုက်ပွဲရှောင်ပြည်သူများ တက်ရောက်သည်။

**စိုင်းထွန်း(လားရှိုး)**

# သာပေါင်းမြို့နယ်၌ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းခြောက်ကျေးရွာအုပ်စုသို့ သွားရောက်ဖြည့်ဆည်းဆောင်ရွက်ပေး

**သာပေါင်း မတ် ၃၁**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ် ကွင်းခြောက်ကျေးရွာအုပ်စုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတတ်ရေးလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကျေးရွာအရောက် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြရာတွင် မတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကွင်းခြောက် ကျေးရွာအုပ်စု တလုပ်ပင်ကွင်းကျေးရွာ သာသနသုခဘုန်းကြီးကျောင်း၌ ကျေးရွာနေပြည်သူ ၉၃ ဦးတို့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရောထိုက်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသန်းနိုင်၊ အဖွဲ့ဝင်(၂) ဦးကျော်တိုး၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှဝင်းနှင့် ဌာနဆိုင်ရာများက တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊စာသင်ကျောင်းများ လုံခြုံရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများ၊ စစ်မှုထမ်းဆောင်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနိုင်ရေး၊ ရောဂါဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရေး၊ ကျေးရွာအုပ်စု ပြည်သူ့လုံခြုံရေးကြီးကြပ်အဖွဲ့ ပူးပေါင်း၍လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကို ၂၀၂၄ ခုနှစ်တွင် ကေပြည့်စိုက်ပျိုးရေး ကြိုတင်ဆောင်ရွက်ရန်၊ ဆောင်းနေကြာလျာထားကေပြည့်မီစွာ စိုက်ပျိုးရေးဆောင်ရွက်ရန်၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုရှိနိုင်သဖြင့် သောက်သုံးရေစုဆောင်းရန်၊ ရေလှောင်ကန်များ ပြုပြင်ရေသိုလှောင်ရန်၊ ငါးသယံဇာတ ထိန်းသိမ်းရေး၊ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး ဆောင်ရွက်ရန်၊ တစ်နိုင်တစ်ပိုင် ကြက်၊ ဘဲ၊ ဝက်မွေးမြူရေး၊ ၂၀၂၅ ခုနှစ် ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ စိုက်ပျိုးရေး အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင် အထွက်နှုန်းရရှိရေး မျိုးစေ့ချကိရိယာ(Seeder)ဝယ်ယူအသုံးပြုရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စရပ်များ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။



**မျိုးဇော်သိန်း(ပြန်/ဆက်)**



# ထားဝယ်မြို့၌ အမှတ်စဉ်(၈)စက်ချုပ်နှင့် မုန့်မျိုးစုံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ထားဝယ် မတ် ၃၁**

အမှတ်စဉ်(၈) စက်ချုပ်နှင့် မုန့်မျိုးစုံသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာများကို ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသမီးများ ကိုယ်ပိုင်ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ မိမိကိုယ်ကိုယ် ယုံကြည်မှုမြင့်မားလာခြင်း၊ ဆင်းရဲမှုလျော့ချခြင်းနှင့် လူမှုစီးပွားဘဝမြင့်တက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိသည့်အပြင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များမြင့်မားလာကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း လျော့ကျမှုကို အထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းအုပ် ဒေါ်နှင်းသီတာက နိုင်ငံတော်ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားစေရန်နှင့် အမျိုးသမီးများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွက်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူ ဒေါ်ဇာနီစိုးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ခုနှစ် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၃၁**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘော်လီဘော ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းနှင့် ဦးကျော်ဝင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မေ ၇ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိ (A)ရုံ၌ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောလက်ရွေးစင် အားကစားသမားများ ရွေးချယ်ရေးနှင့်မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဗထူး မိုးလုံလေလုံအားကစားခန်းမတွင် ဧပြီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပနိုင်ရန် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များကလုပ်ငန်းဆပ်ကော်မတီအလိုက် ပြိုင်ပွဲအောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြောင်း သိရသည်။

**တင်မောင်-မန်း**



# ကျွန်းလှ၌ နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲကျင်းပ

**ကျွန်းလှ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရွှေကျွန်းမြေမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချစေရန် အားကစားသင်တန်းများ ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ အားကစားနည်းများ အလိုက် ဆက်လက် လေ့ကျင့်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြပြီး သင်တန်းသားသင်တန်းသူများက သရုပ်ပြသသည်။

အဆိုပါ သင်တန်းများအဖြစ် ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ Myanmar Fitness Dance၊ အေရိုးဗစ် အားကစားနည်းများ ဖြစ်ကြောင်း သင်တန်းကာလ ၂၅ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တောင်တွင်းကြီးမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းသစ်ဖွင့်

**တောင်တွင်းကြီး မတ် ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းဖွင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် မိမိတို့ တိုင်းဒေသကြီး အတွက် မရှိမဖြစ်လိုအပ်သော အခြေခံကျသည့် လုပ်ငန်းတစ်ခုဖြစ်၍ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေး အတွက် မွေးမြူရေးငါးလုပ်ငန်းများ တိုးတက် ထုတ်လုပ်နိုင်မည့် ငါးမွေးမြူရေးစနစ်ကို လေ့လာ ကျင့်သုံးကြရန်၊ မြို့နယ်အလိုက် ငါးရိက္ခာဖူလုံစေရေး အတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် နှင့် သဘာဝမြစ်ချောင်း၊ အင်းအိုင်များမှ သဘာဝ ငါးမျိုးများကိုလည်း စည်းကမ်းတကျ ဖမ်းဆီးကြရန်၊ အလွန်အကျွံ ဖမ်းဆီးခြင်း မပြုကြရန် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ငါးမွေးမြူရေးစခန်းတွင် သုတေသနပြု စမ်းသပ်သားဖောက် ထားသည့် ငါးခုံးမ၊ ငါးကြင်းရွှေဝါ၊ ငါးကြင်းမျက်ဆံ၊ ငါးကြင်းခေါင်းပွ၊ ငွေရောင်ငါးကြင်းနှင့် အခြားသော ငါးမျိုးစိတ်များကို လိုက်လံကြည့်ရှုစစ်ဆေးကြ သည်။

**ရန်နောင်စိုး(ပြန်/ဆက်)**



သုတေသနပြုစမ်းသပ်သားဖောက်ထားသည့် ငါးမျိုးများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ကြည့်ရှုစဉ်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၀ (ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည် ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည် ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊
(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေတိုးတက်စေသည့်လုပ်ငန်းများ၊
(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊
(ဃ) သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊
(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊
(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊
(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ် ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊
(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့်လုပ်ငန်းများ၊

၃။ MSME ချေးငွေ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သတ်မှတ်ချက် |
|---|---|---|
| ၁ | MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ | အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ် (၁၀)သန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ် (၅၀)သန်း၊ အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊ (မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြား အာမခံ ကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူ ထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။) |
| ၂ | ချေးငွေအတိုးနှုန်းနှင့်သက်တမ်း | (က) Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေ၊ အတိုးနှုန်း တစ်နှစ်လျှင်(၃%) နှင့် ချေးငွေသက်တမ်း အများဆုံး (၃)နှစ်၊<br>(ခ) Working Capital (၁၀၀%)အသုံးပြုမည့်ချေးငွေ၊ အတိုးနှုန်းတစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်း အများဆုံး (၁)နှစ် (၆)လ၊<br>(ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေ၊ အတိုးနှုန်း တစ်နှစ်လျှင် (၅%)၊ (CGI စနစ်ဖြင့် ငွေချေးယူသူ သည် အထက်ပါအတိုးနှုန်းတစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီတစ်ခုခု၏ ပရီမီယံ ကြေးနှုန်းကို ထပ်ဆောင်းကျခံရမည် ဖြစ်ပါသည်။) |
| ၃ | ချေးငွေအတွက်အာမခံ | ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှု အတွက် အာမခံပေးအပ်ရပါမည်။ |

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူ ဖြစ်ရမည်။
(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။
(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောစီးပွားရေးအခြေအနေရှိရမည်။
(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကြေပြီးသူဖြစ်ရမည်။
(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံ ပေးအပ်ရမည်။
(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက် တင်ပြနိုင်ရမည်။

၅။ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေး သော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားနိုင်ပါ သည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည် ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## သာစည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၆၀၀ လျာထားဆောင်ရွက်လျက်ရှိ

**သာစည် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၆၀၀ စိုက်ပျိုးရန် လျာထားပြီး မင်းလှကန် ရေသောက်ဧရိယာ ကျေးရွာ အုပ်စုလေးစုတွင် စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှူးဒေါ်ဌေးဌေးထံမှ သိရသည်။

မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၆၀၀ ကို နှမ်းကန်၊ သနပ်ကန်၊ အိုင်ဒွန်း နှင့် ဥဘဏ်ကန် ကျေးရွာအုပ်စုများ၌ စိုက်ပျိုးလျက်ရှိပြီး နှမ်းကန်ကျေးရွာ တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဧက ၁၀၀ စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။ ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် အဆိုပါဧက ၁၀၀ ကို B.31 ဝါမျိုး စိုက်ပျိုးထားရှိကြောင်း သိရပြီး ကျန်ဧကများတွင် ရွှေတောင်(၈)နှင့် ရွှေတောင်(၁၀) ချည်မျှင် ရှည်ဝါမျိုးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးခြင်းဖြင့် တစ်ဧကချင်း အထွက်နှုန်း ကောင်းမွန်ပြီး တောင်သူများ အကျိုးဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါ ဝါစိုက်ကွင်းများသို့ ကွင်းဆင်း ကြီးကြပ် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စွန့်ပစ်အမှိုက်ပြဿနာနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာအရေးယူဖြေရှင်းကြရန် ကုလအကြီးအကဲတောင်းဆို

ဂျီနီဗာ မတ် ၃၁

**စွန့်ပစ်အမှိုက်ပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းရန်အတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရေး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မတ် ၃၀ ရက်တွင် တောင်းဆိုခဲ့သည်။**

မတ် ၃၀ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်အမှိုက်ကင်းစင်ရေးနေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကမ္ဘာကြီး၏အန္တရာယ်ရှိသောအခြေအနေများကို မီးမောင်းထိုးပြခဲ့သည်။ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် အမှိုက်ပုံအောက်တွင် နစ်မြုပ်နေပြီဖြစ်သည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။

လူသားတို့၏ စားသုံးမှုလွန်ကဲခြင်းနှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းပျက်စီးရမှု၏ ပုံရိပ်ကို ၎င်းက ရေးဆွဲပြခဲ့သည်။ နှစ်စဉ်နှစ်တိုင်း မြူနီစီပယ်စွန့်ပစ်အမှိုက်တန်ချိန် နှစ်ဘီလီယံ ထွက်ရှိပြီး အကျိုးဆက်အနေဖြင့် ကမ္ဘာကြီး၏ ရာသီဥတု၊ ဂေဟစနစ်နှင့် လူသားတို့၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည်။ အလွန်အကျွံသုံးစွဲမှုများကို ဖြေရှင်းရန် လိုအပ်နေပြီဖြစ်ကြောင်း၊ အလွန်အကျွံစားသုံးခြင်းတို့ကြောင့် လူသားများ၏ အသက်အန္တရာယ်ဖြစ်ပေါ်စေပြီး ဖြေရှင်းရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောခဲ့သည်။

အဆိုပါပြဿနာကို ဖြေရှင်းရန် ဘက်ပေါင်းစုံမှ ချဉ်းကပ်နည်းကို ကုလသမဂ္ဂထိပ်တန်းအရာရှိက ဖော်ပြခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ထုတ်ကုန်မှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းစေသည့် ထုပ်ပိုးမှုဖြစ်ရန် ပြန်လည်သုံးသပ်ရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

စားသုံးသူများသည်လည်း ၎င်းတို့ ဝယ်ယူလိုက်သည့်ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များမှာ ပြန်လည်အသုံးပြု၍ ရနိုင်၊ နိုင်မရနိုင်ကို ပြန်လည်စဉ်းစားသင့်သည်ဟု ပြောသည်။



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၇၇)ကြိမ်မြောက် အစည်းအဝေးတွင် မတ် ၃၀ ရက်ကို အပြည်ပြည်ဆိုင်ရာ စွန့်ပစ်အမှိုက်ကင်းစင်ရေးနေ့အဖြစ် နှစ်စဉ်ကျင်းပရန် ဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုချထားခဲ့သည်။

ဆင်ဟွာ



ခိုင်ဘာပဲ့ခွါတွန်ခွာပြည်နယ်မြောက်ပိုင်း ပက်ရှာဝါမြို့၌ ရေကြီးနေမှုကို မတ် ၃၀ ရက်က တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ မိုးရွာသွန်းခြင်းနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၀ ဦး သေဆုံး

**အစ္စလာမ္မာဘတ်** မတ် ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပဲ့ခွါတွန်ခွာပြည်နယ်၌ လွန်ခဲ့သည့် နှစ်ရက်အတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်ရပ်များကြောင့် ၁၀ ဦး ထက်မနည်း သေဆုံးပြီး အခြား ၁၂ ဦးမှာ ဒဏ်ရာရရှိကြောင်း မတ် ၃၁ ရက်က တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူများထဲတွင် ကလေးရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ပါဝင်ပြီး အခြားကလေး ကိုးဦး၊ အမျိုးသမီး နှစ်ဦးနှင့် အမျိုးသားတစ်ဦးမှာ ဒဏ်ရာရရှိကြောင်း ခိုင်ဘာပဲ့ခွါတွန်ခွာပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (ပီဒီအမ်အေ)က ပြောကြားသည်။

မတ် ၂၉ ရက်မှစကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်တစ်ဝန်း နေအိမ် ၂၇ လုံး ထက်မနည်း ပျက်စီးခဲ့ရကြောင်း ပီဒီအမ်အေက ဆက်လက်ပြောကြားသည်။ အဆိုပါရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့ပြီး သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ နေအိမ်ပျက်စီးခဲ့ရသည့် ပြည်သူများအတွက်လည်း အမိုးအကာများနှင့် လိုအပ်သည့်အကူအညီများကို ထောက်ပံ့ပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၁၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ

ဒိုဒိုမာ မတ် ၃၁

တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်း လင်ဒီဒေသ နချင်ဂွေရာခရိုင်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၁၆၆၀ မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး နေအိမ်ပေါင်း ၆၉၉ လုံး ပျက်စီးခဲ့ရသည်ဟု အရာရှိတစ်ဦးက မတ် ၃၀ ရက်တွင် ကြေညာသည်။

ရေဘေးဒုက္ခခံစားရသူများမှာ စာသင်ကျောင်းများတွင် ယာယီနေထိုင်နေရကြောင်း နချင်ဂွေရာခရိုင်ကော်မရှင်နာ မိုဟာမက်မိုယိုက ပြောသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန် လုပ်ဆောင်နေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

နေအိမ်အများစုမှာ ပြုပြင်၍မရနိုင်အောင် ပျက်စီးခဲ့ပြီး မိုးရွာမှုကြောင့် ဖြစ်ပေါ်ရသည့်အပျက်အစီးများကို အာဏာပိုင်များက အကဲဖြတ်တွက်ချက်နေကြသည်ဟု ခရိုင်သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ပြီး အထိခိုက်အများဆုံးကျေးရွာမှာ နိုင်ပန်ဂါရပ်ကွက်ရှိ နာဂါဂါကျေးရွာဖြစ်ကြောင်း မိုဟာမက်မိုယိုက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# မာလာဝီနိုင်ငံ၌ မျက်စိနာရောဂါဖြစ်ပွားမှု မြင့်တက်

## မျက်စိနာရောဂါဖြစ်ပွားသူပေါင်း ၁၃၄၀၀ ကျော်လွန်လာ

**လီလွန်ဝွေးလ်** မတ် ၃၁

မာလာဝီနိုင်ငံ၌ မျက်စိနာရောဂါ (conjunctivitis) ဖြစ်ပွားမှု ဆက်လက်မြင့်တက်လျက်ရှိပြီး ဖေဖော်ဝါရီလလယ်တွင် နိုင်ငံမြောက်ပိုင်း နယ်စပ်ခရိုင် ခါရွန်းဂါတွင် ပထမဆုံးရောဂါဖြစ်ပွားမှုနောက်ပိုင်း အတည်ပြုရောဂါဖြစ်ပွားသူဦးရေမှာ ၁၃၄၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ လက်ရှိတွင် မျက်စိနာရောဂါဖြစ်ပွားမှုမှာ မာလာဝီနိုင်ငံရှိ ခရိုင် ၂၈ ခုအနက် ၂၆ ခုတွင် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ မတ် ၃၀ ရက်အထိ မျက်စိနာရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၃၄၁၉ ဦးရှိကြောင်း အစီရင်ခံဖော်ပြထားသည်။

လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့်သေဆုံးသူ မရှိသေးသော်လည်း အချို့ခရိုင်များတွင် အထူးသဖြင့် ခါရွန်းဂါခရိုင်တွင် အမြင်အာရုံချို့ယွင်းမှုအချို့ ဖြစ်ပွားကြောင်း အစီရင်ခံဖော်ပြချက်အရ သိရသည်။

မျက်စိနာရောဂါ နောက်ထပ်ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့်ပတ်သက်ပြီး မတ်လအစောပိုင်းတွင် ကျန်းမာရေးဝန်ကြီး ချီပွန်ဒါက လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကြည်ကြရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအလေ့အကျင့်များကို လိုက်နာဆောင်ရွက်ကြရန် ပြည်သူများအား အကြံပြုတိုက်တွန်းထားသည်။

ဆင်ဟွာ

# ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် နှစ်ဦးသေဆုံး

**လော့အိန်ဂျလိစ်** မတ် ၃၁

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လေဆိပ်တစ်ခုအနီး၌ မတ် ၃၀ ရက်က အပေါ့စားလေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသဖြင့် နှစ်ဦး သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း တောင်ပေါ်မြို့လေးတစ်ခုဖြစ်သည့် ထရပ်ကီရှိ Glen-shire Dr အနီး ထရပ်ကီတာဟိုးလေဆိပ်၌ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၃၈ မိနစ်က အင်ဂျင်တစ်လုံးတပ် TBM အမျိုးအစားလေယာဉ်မှာ ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်မှ ထုတ်ပြန်ချက်အရ သိရသည်။ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ နှစ်ဦးရှိကြောင်း သိရပြီး လေယာဉ်ပေါ်တွင် လူမည်မျှပါရှိသည်ကို မသိရသေးကြောင်း၊ အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးအန္တရာယ်လုံခြုံမှုအဖွဲ့နှင့် ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့က အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး မတ် ၃၁ ရက်တွင် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဆင်ဟွာ

# အေအိုင်အခြေပြုရုပ်ရှင်ထုတ်လုပ်မှုအတွက် သီရိလင်္ကာအစိုးရ ပံ့ပိုးပေးမည်ဟုဆို

**ကိုလံဘို** မတ် ၃၁

သီရိလင်္ကာအစိုးရသည် ဉာဏ်ရည်တု (အေအိုင်) ကို အခြေပြု၍ သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း သမ္မတရာနေးလ်ဝစ်ခ်ရီမီဆင်းဟီ၏ ပြောကြားချက်ကို ကိုးကားပြီး သမ္မတရုံး၏ မီဒီယာဌာန(ပီအက်ဒီ)က မတ် ၃၁ ရက်တွင် ပြောသည်။

အေအိုင် နည်းပညာသည် လွန်ခဲ့သည့်နှစ် နောက်ပိုင်း၌ ကမ္ဘာလုံးဆိုင်ရာ ရုပ်ရှင်လုပ်ငန်းများတွင် ပေါင်းစပ်ဖန်တီး ထုတ်လုပ်နေကြကြောင်းနှင့် သီရိလင်္ကာနိုင်ငံကလည်း အဆိုပါနည်းပညာကို အသုံးပြုရန်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မတ် ၃၀ ရက်က ကိုလံဘိုမြို့၌ ရုပ်ရှင်ဆုပေးပွဲ အခမ်းအနားတွင် သမ္မတ ဝစ်ခ်ရီမီဆင်းဟီက ပြောသည်။

ထို့အပြင် ၎င်းက သီရိလင်္ကာအမျိုးသားရုပ်ရှင် ကော်ပိုရေးရှင်းကို ခေတ်မီအောင် လုပ်ဆောင်ပြီး ရုပ်ရှင်နှင့် တယ်လီဒရာမာတို့တွင် ပါဝင်သူများအတွက် ပြည်ပမှ ရုပ်ရှင်ပညာသင်ကြားလေ့ကျင့်မှုများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆင်ဟွာ

# နိုင်ငံခြားသားကျွမ်းကျင်လုပ်သားတွေ အများအပြား ခေါ်ယူသွားမယ့် ဂျပန်နိုင်ငံ

ထွန်းကျော်




နိုင်ငံခြားသား အလုပ်သမားများ လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု။

ဂျပန်အစိုးရဟာ မတ် ၂၉ ရက်က ဝန်ကြီးအဖွဲ့အစည်းအဝေးတစ်ခုမှာ နောက်ထပ်အလုပ်အကိုင် နယ်ပယ်လေးခုအသစ်တိုးခေါ်ယူသွားမယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ ကျွမ်းကျင်လုပ်သားတွေကို နေထိုင်ခွင့်ပေးဖို့နဲ့ ၂၀၂၈ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားအလုပ်သမား ၈၂၀၀၀၀ ခေါ်ယူသွားမယ်လို့လည်း ပါဝင်ပါတယ်။

လတ်တလော နိုင်ငံခြားကျွမ်းကျင်အလုပ်သမားခေါ်တဲ့ အစီအစဉ်မှာ သူနာပြု၊ ဆောက်လုပ်ရေးနဲ့ စိုက်ပျိုးရေးစတဲ့ ကဏ္ဍ ၁၂ ခုပါပြီး အသစ်တိုးခေါ်ယူသွားမယ့် အလုပ်အကိုင်နယ်ပယ်လေးခုကတော့ ပို့ဆောင်ရေး၊ ရထား၊ သစ်တောထိန်းသိမ်းရေးနဲ့ သစ်လုပ်ငန်းကဏ္ဍတွေပဲဖြစ်ပါတယ်။

### ဂျပန်စကားတတ်မြောက်မှုက လိုအပ်ချက်တစ်ခုဖြစ်

ဘတ်စ်ကားနဲ့တက္ကစီကားမောင်းသူတွေ၊ လက်မှတ်ရောင်းသူတွေ ဒီအစီအစဉ်အတွက် လျှောက်ထားနိုင်ပါတယ်။ ဆက်သွယ်ပြောဆိုမှုနဲ့ လုံခြုံမှုထိန်းသိမ်းရေး ကျွမ်းကျင်မှုတွေလည်း ပါဝင်တဲ့အတွက် ဘာသာစကားမှာတော့ အဆင့်မြင့် ဂျပန်စကားတတ်မြောက်မှုက ဒီအလုပ်အတွက် လိုအပ်ချက်တစ်ခုဖြစ်လာနိုင်ပါတယ်။

ဂျပန်နိုင်ငံရဲ့ နည်းပါးလာတဲ့ (လျော့နည်းလာတဲ့) လူဦးရေကြောင့် ဂျပန်နိုင်ငံကို ဝင်ရောက်ဖို့ လူဝင်မှုကြီးကြပ်ရေး တင်းကျပ်မှုလည်း လျှော့ပေါ့လာပါတယ်။ အသစ်ထပ်မံ ခေါ်ယူသွားမယ့် အလုပ်အကိုင်နယ်ပယ်လေးခုကတော့ နိုင်ငံခြားကျွမ်းကျင်အလုပ်သမားတွေကို စောင့်မျှော်နေပြီပဲ ဖြစ်ပါတယ်။ သို့သော်လည်း စိန်ခေါ်မှုတွေတော့ ဆက်လက်ရှိနေဆဲပါ။

ပြည်ပလုပ်သား အများဆုံးခေါ်ယူနိုင်တဲ့ အရေအတွက်ကိုလည်း ဂျပန်အစိုးရက လုပ်ငန်းအလိုက် ကန့်သတ်ပေးခဲ့တဲ့အတွက် ပြည်တွင်းအလုပ်သမားဈေးကွက်ကိုလည်း ထိခိုက်မှုရှိမှာမဟုတ်ပါဘူး။ ဂျပန်မှာ အလုပ်သမားရှားပါးမှု ဆိုးဆိုးရွားရွား ဖြစ်လာတဲ့အတွက် ဂျပန်အစိုးရဟာ ပြည်ပအလုပ်သမားခေါ်ယူမှုကို ၂၀၁၉ ခုနှစ်က စတင်ခဲ့တာဖြစ်ပါတယ်။

### နိုင်ငံခြားသား အလုပ်သမား ၂ ဒသမ ၀၅ သန်းကျော်ရှိ

၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ဂျပန်နိုင်ငံကို အလုပ်သမားအစီအစဉ်အနေနဲ့လာနေတဲ့ နိုင်ငံခြားသားအလုပ်သမား ၂ ဒသမ ၀၅ သန်းကျော်ရှိပါတယ်။ အဲဒီအစီအစဉ်အရ ပထမအမျိုးအစား တချို့ကျွမ်းကျင်လုပ်သားတွေကို ငါးနှစ်အထိ အလုပ်လုပ်ခွင့်ပြုပြီး ဒုတိယအမျိုးအစားဖြစ်တဲ့ ပိုပြီးကျွမ်းကျင်တဲ့အလုပ်သမားတွေကိုတော့ မိသားစုနဲ့အတူ အမြဲတမ်းအလုပ်လုပ်ခွင့်ပေးထားပါတယ်။

ဂျပန်အစိုးရဟာ ဘိုးဘွားစောင့်ရှောက်ရေးမှသည် ဆောက်လုပ်ရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ အစားအသောက်ဝန်ဆောင်မှု စတဲ့အလုပ်အကိုင်နယ်ပယ် ၁၂ ခုကိုတော့ အတည်ပြုပေးခဲ့ပြီးပြီဖြစ်ပါတယ်။

ကျွမ်းကျင်လုပ်သား အစီအစဉ်ကို ၂၀၁၉ ခုနှစ်မှာ စတင်ခဲ့သော်လည်း ပြဿနာတချို့နဲ့ ရင်ဆိုင်နေရပါတယ်။ အဓိကအားဖြင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ရှေးရိုးစွဲပါတီအဖွဲ့ဝင်တွေက ကန့်ကွက်မှုတွေရှိနေဆဲ ဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို သက်ရောက်မှုရှိပြီး အလုပ်အတွက် ယှဉ်ပြိုင်မှုတွေကို ဖြစ်ပေါ်စေနိုင်သလို ဂျပန်နိုင်ငံကိုလည်း ထိခိုက်စေနိုင်တယ်လို့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင်တွေက ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်မှာ ငြင်းခုံမှုတွေ ဖြစ်ခဲ့ကြပါတယ်။

အတိုက်အခံ ပါတီတွေကတော့ အစိုးရက မြန်မြန်ဆန်ဆန်ပဲ ရှေ့ဆက်နေတယ်လို့ ပြောပါတယ်။ ဒါက ဘာကြောင့်လဲဆိုရင် အစိုးရက လက်ခံမယ့် အလုပ်သမားအရေအတွက်အပေါ် ကန့်သတ်ချက်နဲ့ပတ်သက်ပြီး အသေးစိတ် အချက်အလက် မရှိလို့ပဲ ဖြစ်တယ်လို့ ပြောပါတယ်။ ထို့အတူ ဂျပန်နိုင်ငံကို ရောက်လာမယ့် နိုင်ငံခြားအလုပ်သမားတွေကို ဘယ်လိုမျိုး ကြိုတင်ပြင်ဆင်သွားမလဲဆိုတဲ့ တိကျတဲ့ အသေးစိတ်အစီအစဉ်လည်း မရှိဘူးလို့ ပြောပါတယ်။

### နိုင်ငံခြားအလုပ်သမားတွေ လျော့နည်းသွားမှာ စိုးရိမ်

မစ်ဆူဘီရှီ ယူအက်ဖ်ဂျေ သုတေသနနဲ့ အတိုင်ပင်ခံကုမ္ပဏီရဲ့ စာရင်းဇယားတွေက ၂၀၂၃ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ စက်မှုလုပ်ငန်းတွေဟာ အဓိကအားဖြင့် နိုင်ငံခြားအလုပ်သမားတွေကို ၂၀၃၃ ခုနှစ်ထက် ပိုမိုမှီခိုနေရတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ အလုပ်အကိုင် ပြတ်လပ်မှုတွေရှိနေတယ်ဆိုတာ လူတွေ ပိုပိုသိလာကြပါပြီ။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင် တစ်ဦးကတော့ နိုင်ငံခြားအလုပ်သမားတွေ လျော့နည်းသွားမှာ စိုးရိမ်မိတယ်လို့ ပြောပါတယ်။

၂၀၂၃ ခုနှစ် ဩဂုတ်လမှာ ဂျပန်အစိုးရဟာ အလုပ်သမားခေါ်ယူရေး အစီအစဉ် နံပါတ် (၂) အတွက် အလုပ်အကိုင်နယ်ပယ် ၁၁ ခုအထိ တိုးချဲ့ပေးခဲ့ပါတယ်။ ဆိုလိုတာကတော့ နိုင်ငံခြားသားအလုပ်သမားတွေလည်း ဂျပန်နိုင်ငံမှာ အမြဲတမ်း နေထိုင်ခွင့်ရှိတယ်ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ နောက်ဆုံးထုတ်ပြန်လိုက်တဲ့ အလုပ်အကိုင်နယ်ပယ်သစ်လေးခုကလည်း ဒီလမ်းကြောင်းအတိုင်း ဒီပုံစံအတိုင်းပဲ ဖြစ်ပါတယ်။

### ယာဉ်မောင်းလိုင်စင်ရနိုင်ဖို့ တစ်နှစ်နေခွင့်ပေး

သို့သော်လည်း ခရီးသည်ပို့ဆောင်ရေးမှာ လုပ်ဖို့ဆိုရင် အဆင့် ၂ ကားမောင်းလိုင်စင်လိုအပ်ပြီး ပထမဆုံးအကြိမ်ဘတ်စ်ကားနဲ့ တက္ကစီမောင်းချင်နေသူတွေအတွက် ဥပဒေဆိုင်ရာ သင်တန်းအစီအစဉ်ကိုပါ ပြီးဆုံးအောင် တက်ဖို့လိုပါတယ်။ ဒါကြောင့် ဒီအစီအစဉ်နဲ့ ဂျပန်လာမယ့် နိုင်ငံခြားသားတွေ ယာဉ်မောင်းလိုင်စင်ရနိုင်ဖို့ တစ်နှစ်နေခွင့်ပေးမှာ ဖြစ်ပါတယ်။

ဂျပန်မှာ ကုန်ကားမောင်းသူတွေ အချိန်ပို မဆင်းဖို့ တင်းကျပ်တဲ့စည်းကမ်းတွေ ဧပြီလမှာ စတင်အသက်ဝင်လာမှာဖြစ်တဲ့အတွက် ကားမောင်းသူတွေ ပိုပိုပြီးရှားပါးလာမှာ ဖြစ်ပါတယ်။

ကြိုတင် စီစဉ်ထားတဲ့အတိုင်း နောက်ငါးနှစ်အတွင်းမှာ နိုင်ငံခြားအလုပ်သမား တစ်သန်းနီးပါး ထပ်ပြီးလက်ခံသွားမယ်လို့ ဂျပန်အစိုးရက ပြောပါတယ်။ သို့သော်လည်း ဂျပန်စက်မှုလုပ်ငန်းတွေက ပိုပြီးအကျိုးဖြစ်ထွန်းလာခြင်းနဲ့ ဂျပန်ပြည်သူတွေအတွက် အလုပ်အကိုင်တွေကို ကာကွယ်ပေးဖို့လိုအပ်တာကြောင့် အလုပ်သမားခေါ်ယူမယ့်အစီအစဉ်မှာ နိုင်ငံခြားလုပ်သား ၈၂၀၀၀၀ ထက်တော့ ပိုခေါ်ယူမှာမဟုတ်ပါဘူး။

### ငါးနှစ်အတွင်း အလုပ်သမား ၂၀၀၀၀၀ ကျော် အလုပ်အကိုင်ရရှိ

လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ နိုင်ငံခြားသားအလုပ်သမား ၂၀၀၀၀၀ ကျော် ကျွမ်းကျင်လုပ်သားတွေအဖြစ် အလုပ်အကိုင်တွေ ရရှိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီအလုပ်သမားတွေဟာ ကျွမ်းကျင်နေပြီးသားတွေ ဖြစ်တဲ့အတွက် ဘာသင်တန်းမှ ထပ်ပေးစရာ မလိုတော့တဲ့အတွက် ဖြစ်ပါတယ်။

သူတို့တွေဟာ စက်မှုလုပ်ငန်းတွေအတွက် တကယ့်ကို အရေးကြီးပါတယ်။ ထို့အတူ အခုလည်း လွန်ခဲ့တဲ့ ငါးနှစ်နဲ့မတူဘဲ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင်တွေက နိုင်ငံခြားသားအလုပ်သမားတွေ လာမယ့်အရေးကို မကန့်ကွက်သင့်ဘူးလို့ ပြောဆိုနေကြတာတွေလည်း ရှိပါတယ်။

နိုင်ငံခြားသား အလုပ်သမားတွေအတွက် အလုပ်အကိုင် လိုအပ်ချက်တွေ မြင့်တက်လာမှုနဲ့အတူ ပြည်သူလူထုနဲ့ ပုဂ္ဂလိက ကဏ္ဍတွေကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်က ဂျပန်နိုင်ငံမှာ အလုပ်လုပ်ရတာ ဘယ်လိုကောင်းတယ်ဆိုတဲ့အကြောင်း သိစေလိမ့်မယ်လို့ လူဝင်မှုကြီးကြပ်ရေးအေဂျင်စီရဲ့အရာရှိ တစ်ဦးက ပြောပါတယ်။

ကိုးကား - အင်န်အိတ်ချ်ကေ

- ❑ မစ်ဆူဘီရှီ ယူအက်ဖ်ဂျေသုတေသနနဲ့ အတိုင်ပင်ခံကုမ္ပဏီရဲ့ စာရင်းဇယားတွေက ၂၀၂၃ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ စက်မှုလုပ်ငန်းတွေဟာ အဓိကအားဖြင့် နိုင်ငံခြားအလုပ်သမားတွေကို ၂၀၁၃ ခုနှစ်ထက် ပိုမိုမှီခိုနေရတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ အလုပ်အကိုင် ပြတ်လပ်မှုတွေ ရှိနေတယ်ဆိုတာ လူတွေ ပိုပိုသိလာကြပါပြီ။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင် တစ်ဦးကတော့ နိုင်ငံခြားအလုပ်သမားတွေ လျော့နည်းသွားမှာ စိုးရိမ်မိတယ်လို့ ပြောပါတယ်
- ❑ ဂျပန်မှာ ကုန်ကားမောင်းသူတွေ အချိန်ပိုမဆင်းဖို့ တင်းကျပ်တဲ့ စည်းကမ်းတွေ ဧပြီလမှာ စတင်အသက်ဝင်လာမှာ ဖြစ်တဲ့အတွက် ကားမောင်းသူတွေ ပိုပိုပြီးရှားပါးလာမှာ ဖြစ်ပါတယ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ၌ မတ် ၂၉ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဖိနပ်မျိုးစုံအရန် ၁၀၀၀၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၉ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Luojia 110 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)-မြစ်ငယ်ဖြတ်လမ်း၌ ဆီသယ်ယာဉ်လေးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၄၀၈၄ ဂါလန်၊ ဓာတ်ဆီ ၅၆၁ ဂါလန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၂၉၈၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Hino Oil Bowser တစ်စီး၊ Isuzu Fuel Bowser တစ်စီး၊ KIA Fuel Bowser တစ်စီး၊ Hino Tractor Head တစ်စီးနှင့် Tank Trailer ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၉၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။






ထို့အတူ မတ် ၃၀ ရက်တွင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ သထုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် စားအုန်းဆီ (၅)လီတာ ပါဘူး ၈၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsu bishi Fuso Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၃၀ ရက်တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၃၆၀ တန်၊ သစ်မာ ၁ ဒသမ ၁၀၉ တန်နှင့် အခြားသစ် ၁ ဒသမ ၆၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၇၆၈၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မတ် ၃၁ ရက်တွင် တောင်ငူမြို့နယ်၌ လိုင်စင်မဲ့ Hino Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၂၈၈၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၆၀၅၇၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၄၉၄၀၅၇၄ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

---

*○ကျော့ဖုံးမှ*

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ကချင်ယူနိုက်တက် အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ ရာနှုန်းပြည့်နိုင်ပွဲရခဲ့ပြီး သုံးပွဲဆက် အနိုင်ရလဒ်နှင့်အတူ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ ကချင်ယူနိုက်တက် အသင်းမှာမူ ရှမ်းယူနိုက်တက်ကို မယှဉ်နိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဟိန်းသီဟဇော်၊ ကျော်ဇင်ဖြိုး၊ ရဲရင့်အောင်၊ သက်ဟိန်းစိုး အပါအဝင် နိုင်ငံခြားသား ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ကချင်ယူနိုက်တက် အသင်းမှာလည်း အင်အားအပြည့်ဖြင့် ရင်ဆိုင်ခဲ့သည်။ ပွဲအစ သုံးမိနစ်မှာပင် ခွန်ကျော်ဇင်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် စောစီးစွာ ဂိုးရသော်လည်း ကျန်အနိုင်ဂိုးများကို မိနစ် ၃၀ နောက်ပိုင်းမှ သွင်းယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၃၁ မိနစ်တွင် စအောင်ပြည့်ကို၊ ၃၈ မိနစ်တွင် ကာနီရှီယို၊ ၆၉ မိနစ်တွင် ရဲရင့်အောင်နှင့် ၈၇ မိနစ်တွင် အောင်နိုင်ဝင်းတို့က သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ ကချင်ယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ် ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက် အသင်းက GFA အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် တက်တာ၊ ၅၉၊ ၇၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် သုံးပွဲကစား ကိုးမှတ်၊ GFA အသင်းက သုံးပွဲကစား သုံးမှတ် ရရှိထားသည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Rainbow အသင်းကို ၁၁ ဂိုး – နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ဂိုးမိုးရွာပြီး နိုင်ပွဲပြန်လည်ရယူခဲ့သည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၁၉ မိနစ်တွင် သန်းကျော်ငွေး၊ ၂၈၊ ၃၀ မိနစ်တွင် ကောင်းစည်သူ၊ ၃၃၊ ၃၅၊ ၄၅+၁၊ ၉၀ မိနစ်တွင် ကျော်ကိုကို၊ ၃၇ မိနစ်တွင် ကြည်လင်း၊ ၇၃ မိနစ်တွင် မင်းခန့်ကျော်၊ ၈၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မိုကာလူးတို့က သွင်းယူခဲ့ပြီး Rainbow အသင်းအတွက် ချေပဂိုးများကို ၂၁၊ ၇၆ မိနစ်တွင် ဆန်းမြင့်နိုင်ငံက သွင်းယူခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး Rainbow အသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရွှေပြည်သာအသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၂၇ မိနစ်တွင် ပက်ထရစ်၊ ၃၃၊ ၄၇ မိနစ်တွင် နေလင်းစိုး၊ ၃၉ မိနစ်တွင် ဟိန်းနေဆန်း၊ ၄၅+၁၊ ၆၁ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၇၇ မိနစ်တွင် ခန့်ဇင်ဟိန်း၊ ၈၂ မိနစ်တွင် ထူးဝေယံတို့က သွင်းယူပြီး ရွှေပြည်သာ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် စောဖွေးက သွင်းယူခဲ့သည်။ မဟာယူနိုက်တက် အသင်းက သုံးပွဲကစား ကိုးမှတ်၊ ရွှေပြည်သာအသင်းက လေးပွဲကစား လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၄) ဒုတိယနေ့အဖြစ် ဧပြီ ၁ ရက်**(ယနေ့)**တွင် တက္ကသိုလ်ကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း၊ ပဒုမ္မာကွင်း၌ ရက္ခပူရ ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–MNL**

## နိုင်ငံတကာကရာတေးအဖွဲ့ချုပ်က ကြီးမှူးသည့် အမျိုးသား အမျိုးသမီး ကရာတေးပြိုင်ပွဲများကျင်းပ

**ရန်ကုန် မတ် ၃၁**

IKO မြန်မာ(International Karate Organization Myanmar) နိုင်ငံတကာ ကရာတေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် IKO Kids and Youths Tournament 2024 ကရာတေးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၌ ကျင်းပသည်။

"ကစားနည်းတွေကတော့ အရင်ထက်ပိုကောင်းလာတယ်။ ပြိုင်ပွဲစည်းမျဉ်းလေးတွေလည်း ပြောင်းလဲလာတယ်။ ယှဉ်ပြိုင်တဲ့သူက သူထိုးငါထိုးချည်းပဲလုပ်လို့မရဘူး။ ပိတ်ရမယ်၊ ရှောင်ရမယ်၊ တန်ပြန်ကစားရမယ်။ အဲဒါတွေကို အမှတ်ပေးစည်းမျဉ်းထဲမှာ ပါလာတာဖြစ်ပါတယ်။ အရင်တုန်းက တောက်လျှောက်ထိုးတယ်။ သူများကန်လည်းမပိတ်ဘူး။ ထိုးလည်းမပိတ်ဘူး။ အဲဒီလိုဆိုရင် အမှတ်လျှော့မှာဖြစ်ပါတယ်။ မေလမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွေ ကျင်းပမှာဆိုတော့ ရန်ကုန်ပြိုင်ပွဲကတော့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လုပ်တာပါ" International Karate Organization Myanmar(IKO) ၏ မြန်မာနိုင်ငံတာဝန်ခံ ဦးမင်းလွင်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၉ နှစ်မှ စတင်ကာ အသက် ၁၇ နှစ် 35 Kg၊ 40 Kg၊ 50 Kg၊ 60 Kg၊ 80 Kg စသဖြင့် အုပ်စုခွဲကာ အတန်းလိုက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသင်း ၁၃ သင်း၊ ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးကစားသမား ၁၄၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ထို့ပြင် IKO ကရာတေးပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအား မေလအတွင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ **အာကာစိုး**



သက်တန်းအလိုက် ကရာတေးယှဉ်ပြိုင်ကစားစဉ်။

---

*❖ကျော့ဖုံးမှ*

အိမ်ရှင်ဘရန့်ဖို့ဒ်အသင်းသည် မန်ယူအသင်းကို ပွဲချိန်အများစု တစ်ဖတ်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အပိုင်အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသည့်အတွက် သရေဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မန်ယူအတွက် သွင်းဂိုးကို ၉၆ မိနစ်တွင် မေဆင်မောင့်က သွင်းယူနိုင်ခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးကို ၉၉ မိနစ်တွင် ခရစ္စတိုဖာအေဂျားက သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ၂၉ ပွဲကစားပြီး ရမှတ် ၄၈ မှတ်ဖြင့် အဆင့် (၆)တွင် ရပ်တည်နေပြီး အဆင့် (၄)မှ အက်စ်တွန်ဗီလာအသင်းနှင့် ရမှတ်ကွာဟမှု ၁၁ မှတ်အထိ ရှိသွားပြီဖြစ်သောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်မျှော်လင့်ချက် အလှမ်းဝေးသွားခဲ့ပြီဖြစ်သည်။

မတ် ၃၁ ရက် နံနက်အစောပိုင်းတွင် အက်စ်တွန်ဗီလာနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် ဘရိုက်တန်ပွဲတွင် လီဗာပူးက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရသည်။

ည ၁၀ နာရီက ယှဉ်ပြိုင်သော မန်စီးတီးနှင့် အာဆင်နယ်တို့ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရင်း ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုမှာမွေး ပြည်ထောင်စုသွေးမို့ ပြည်ထောင်စုအရေးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြပါမည်

■ မောင်သမ္မာဒိဋ္ဌိ

**"လောကကို ကောင်းအောင်ပြုလုပ်ရာ၌ တစ်ယောက် နှစ်ယောက် ပြုလုပ်၍မကောင်း၊ အများနှင့်ပြုလုပ်မှကောင်းသည်။**

**စစ်သည်လက်နက်အင်အားပြည့်စုံခိုင်ခံ့လျှင် တစ်ပါးရန်သူတို့ ကြံစည်ဝံ့မည်မဟုတ်။**

**စစ်မက်အင်္ဂါငြိမ်းချမ်း၍ ပြည်သူ ပြည်သားတို့ စည်ကားချမ်းသာကြမည်။**

**သို့မဟုတ်ပါက နှာခေါင်းရှည်ရှည်နှင့် လူမျိုးတို့က ကျွန်ုပ်တို့ အမျိုးသမီးများကို နမ်းရှုပ်ကြလိမ့်မည်။"**

နိုင်ငံတော်၏ ကာကွယ်ရေးအင်အား (Military Might) ခိုင်မာတောင့်တင်းနေလျှင် တိုင်းပြည်အေးချမ်းသာယာ စည်ကားဖွံ့ဖြိုးနေမည်ဟု ကုန်းဘောင်ခေတ်နှောင်းက နိုင်ငံရေးသုခမိန်ကြီး ယောမင်းကြီးဦးဖိုးလှိုင်က "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဟူသော ဧကန်ဧက ဒိဋ္ဌမေ့လက်တွေ့ အကျိုးတရားကို ထုတ်ဖော်ခဲ့သည်။

သို့မဟုတ်ပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားချို့တဲ့လျှင် တိုင်းတစ်ပါးသားလူမျိုးခြားတို့က ကျူးကျော်စော်ကား သိမ်းပိုက်မည့် အန္တရာယ်ကိုလည်း သတိပေးတင်ပြခဲ့သည်။

"လောကလူတွင်၊ **အလှူပေးခြင်း**
**စစ်ထိုးခြင်း**ကား၊ မယွင်းတူမျှ
တူကုန်စွတည်း၊ အလောဘဟိတ်
ကြောက်စိတ်ကင်းစွာ၊ စွန့်ကြဲရာ၌
**သဒ္ဓါသူ**ရဲ၊ ဗိုလ်ထုခွဲလျက်
**စစ်ကဲဝီရိယ၊** လုံ့လအထူး
ရဲခေါင်ကြူးထ၊ **ဗိုလ်မှူးရွှေဉာဏ်**
ဆုတ်မလှန်ဘဲ၊ စိတ်သန်ခိုင်ကျန်း
**စွဲယူမှန်းလေ့"**

ဟူ၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကျမ်း၌ **အလှူဒါနပြုခြင်း**ကို စစ်မြေပြင်တွင် **စစ်ထိုးခြင်း**နှင့်လည်းကောင်း၊ လောဘစိတ် မငြိတော့ဘဲ ရဲရဲဝံ့ဝံ့ စွန့်လွှတ်လှူဒါန်းသည့် **သဒ္ဓါတရားကို** ရန်သူတို့အား ဖြိုခွဲပစ်နိုင်သော စစ်သူရဲနှင့်လည်းကောင်း၊ အလှူပြုရာ၌ ထုတ်လုပ်သော **ဝီရိယ**ကို စစ်ကဲနှင့်လည်းကောင်း၊ **ဝီရိယလုံ့လ**အထူးရှိပြီး ဉာဏ်ဖြင့်ယှဉ်လျက် ပါရမီဒါနတိုး **လှူဒါန်းခြင်း**သဘောကို **ဗိုလ်မှူး**နှင့်လည်းကောင်း ဓမ္မရေးကို လောကရေးနှင့် နှိုင်းယှဉ်ဥပမာပေး ရေးစပ်တော်မူခဲ့သည်မှာ ဂုဏ်ယူကြည်ညိုဖွယ်ဖြစ်ပါသည်။

## အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော မြန်မာ့တပ်မတော်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသည့်အခါတိုင်း မြန်မာ့တပ်မတော်ခေါင်းဆောင်များက စစ်ရေးခေါင်းဆောင်တာဝန်အပြင် အုပ်ချုပ်ရေးခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်တာဝန်များဖြင့် နိုင်ငံ့ခေါင်းဆောင်တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ယူကြရသည်မှာ မြန်မာ့သမိုင်းရေးနှင့် အမျိုးသားရေးတောင်းဆိုမှုများနှင့် လိုအပ်ချက်များ (Historical and national necessities) က သက်သေခံလျက်ရှိပါသည်။

မြန်မာ့သမိုင်းကို ပကတိအတိုင်း ရှုမြင်သုံးသပ်ကြည့်မည်ဆိုပါက ပထမမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းသည် စစ်ရေးခေါင်းဆောင်ဘဝမှ စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်း တစ်ဦးအဖြစ်လည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် ဘုရင့်နောင် ကျော်ထင်နော်ရထာသည်လည်း စစ်ရေးခေါင်းဆောင်ဘဝမှစည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် အလောင်းဘုရားသည်လည်း စစ်ရေးခေါင်းဆောင်ဘဝမှ စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဘဝဖြင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ်လည်းကောင်း အမိမြန်မာပြည်၏ "စီးပွားရေးအင်အား" (Economic Might)၊ "နိုင်ငံရေးအင်အား" (Political Might) နှင့် ကာကွယ်ရေးစွမ်းအား (Military Might) ဟူသော စွမ်းအား (၃) ရပ်စလုံး တောင့်တင်းခိုင်မာအောင် စွမ်းဆောင်နိုင်ခဲ့ကြသောကြောင့် အခြားတိုင်းတစ်ပါးနိုင်ငံများကပါ ရိုသေလေးစားခံခဲ့ရသော နိုင်ငံတော်အဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်မှာ သမိုင်းသက်သေတည်ခဲ့ပြီးဖြစ်ပါသည်။

## ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ တပ်မတော်ဆိုင်ရာ တရားတော်

စာရေးသူသည် နှစ်စဉ် တပ်မတော်နေ့ရောက်လာပြီဆိုလျှင် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့မင်္ဂလာဒုံတပ်နယ်၌ ဟောကြားတော်မူခဲ့သည့် "စစ်တပ်တရားတော်" ကို အသည်းထိစွဲငြိစွာ နာယူခဲ့ပါသည်။ ဆရာတော် ဟောဖော်ညွှန်ပြတော်မူခဲ့သည့် ဒေသနာတော်မှာ အမိမြန်မာပြည်အတွက် မည်သည့်အချိန်အခါမဆို လိုက်နာကျင့်ကြံဆောင်ရွက်ရမည့်တရားတော်ဖြစ်သောကြောင့် အကျဉ်းဥဒ္ဒေသအဖြစ် အနှစ်ချုပ်၍ ကောက်နုတ်ဖော်ပြလိုပါသည်။

**တောင့်တောင့်တင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံတော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သောစစ်တပ်သည် နိုင်ငံတော်တစ်ဝန်းလုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါတယ်။ နံနက်စောစောမှာ စစ်တပ်ကထွက်ပေါ်လာတဲ့ ဘင်ခရာအသံဟာ အိပ်ရာမှနိုးခါစဖြစ်တဲ့ တိုင်းသူပြည်သားကို စိတ်အားတက်ကြွစေပါတယ်။ လက်နက်မျိုးစုံစွာဖြင့် စစ်ရေးပြနေသော စစ်တပ်ကြီးတွေကို မြင်ရတဲ့အခါ အဘယ်မျိုးချစ်ပုဂ္ဂိုလ်သည် နှစ်သက်ရွှင်ပျ၍ ပီတိလုံးမဆို့ဘဲ ရှိပါအံ့နည်း။ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံတော်သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော်တိုးတက်တော့မည်ဟု မျှော်လင့်ခဲ့ပါတယ်**

"x x x မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မယ်လို့ သူသူငါငါ ပြောနေကြတဲ့အချိန်ကပင် "လွတ်လပ်ရေးရလျှင် အဘယ်ဌာနသည် နိုင်ငံတော်အတွက် လိုရင်းပဓာန (အရေးကြီးဆုံးဌာန) ဖြစ်သနည်း" ဟု ပြဿနာတစ်ရပ်ကို စဉ်းစားခဲ့ပါတယ်။ ဒီအခါမှာ **"စစ်တပ်နှင့် သာသနာတော်သည် နိုင်ငံတော်အတွက် လိုရင်းပဓာနဖြစ်၏"** လို့ ဘုန်းကြီးစိတ်မှာ အဖြေတွေ့လာပါတယ်။

ရှင်းပြပါဦးမယ်။ တောင့်တောင့်တင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံတော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သောစစ်တပ်သည် နိုင်ငံတော်တစ်ဝန်းလုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါတယ်။ နံနက်စောစောမှာ စစ်တပ်ကထွက်ပေါ်လာတဲ့ ဘင်ခရာအသံဟာ အိပ်ရာမှနိုးခါစဖြစ်တဲ့ တိုင်းသူပြည်သားကို စိတ်အားတက်ကြွစေပါတယ်။ လက်နက်မျိုးစုံစွာဖြင့် စစ်ရေးပြနေသော စစ်တပ်ကြီးတွေကို မြင်ရတဲ့အခါ အဘယ်မျိုးချစ်ပုဂ္ဂိုလ်သည် နှစ်သက်ရွှင်ပျ၍ ပီတိလုံး မဆို့ဘဲ ရှိပါအံ့နည်း။ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံတော်သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော်တိုးတက်တော့မည်ဟု မျှော်လင့်ခဲ့ပါတယ်။ x x x

တစ်ဖက်တစ်လမ်းမှ စစ်တပ်က နိုင်ငံတော်ကို ထိန်းသိမ်းလျက် တစ်ဖက်တစ်လမ်းမှ သာသနာတော်က အသိဉာဏ်တိုးပွားစေ၍ တရားမျှတအောင် ကြိုးစားပေးပါမှ ဤနိုင်ငံတော်သည် နှစ်ပေါင်းအနည်းငယ်အတွင်းမှာပင် ကမ္ဘာက အသိအမှတ်မပြုလျှင် မဖြစ်လောက်အောင် တိုးတက်လာမည်ဟု မျှော်လင့်ထားပါတယ်။ x x x

ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်းဟာ ဘုရားနှင့် ပထမဦးဆုံးတွေ့တုန်းကပဲ သောတာပန်ဖြစ်တယ်။ အဲဒီ သောတာပန်မင်းတရားလည်း တိုင်းပြည်ကို အုပ်ချုပ်တဲ့နေရာမှာ စစ်တပ်ကိုပဲ အဖော်သဟဲလုပ်လို့ အုပ်ချုပ်တာကို တွေ့ရတယ်။

သည်တုန်းက ရာဇဂြိုဟ်ပြည်ရဲ့ အစွန်အဖျားမှာ သူပုန်ထတယ်။ အဲဒီအခါ ဘုရင်ကြီးက **"အမောင်တို့ သွားချေကြ၊ သူပုန်ထလို့ ပျက်စီးနေတဲ့ အစွန်အဖျားရွာတွေကို စည်ကားအောင် စောင့်ရှောက်ချေကြ"** တဲ့။ **"လူတွေနေထိုင်နိုင်အောင် လယ်ယာတွေကို လုပ်ကိုင်နိုင်အောင် စောင့်ရှောက်ချေကြ"** လို့ အမိန့်ပေးရတာပဲ။ သည်တော့ သောတာပန်ရှင်ဘုရင်ကြီးမှာ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေပေမယ့် စိတ်ရော၊ နှုတ်မှာရော ဘာအပြစ်မှမရှိဘူးဆိုတာကို သင်ခန်းစာတစ်ရပ်အဖြစ် မှတ်ယူစေလိုတယ်။ x x x

သီဟိုဠ်နိုင်ငံ (ယခုသီရိလင်္ကာနိုင်ငံ) ပြည့်ရှင် "ဒုဋ္ဌဂါမဏိမင်း"ဟာ သူရဲကောင်း ဗိုလ်မှူးတစ်ကျိပ်နဲ့အတူ သာသနာပြုလိုသောဇောဖြင့် ရန်သူများကို သုတ်သင်ခဲ့တယ်။ ထိုမင်းဟာ "သာသနာစိတ်" နှင့် "စစ်စိတ်" ကို ခွဲမရအောင်ယှဉ်တွဲနေတယ်။ သူကိုယ်တိုင် ကိုင်ဆောင်တဲ့လှံမှာ ဘုရားဓာတ်တော်ကို ဌာပနာထားသတဲ့၊ သူ့ရဲ့သစ္စာဓိဋ္ဌာန်ထားရာမှာ_**"မိမိချမ်းသာရေးအတွက် ကြိုးစားခြင်းမဟုတ်ပါ၊ ဘုရားသာသနာတော်ကို ခိုင်မြဲစွာတည်စေလိုသောကြောင့် ကြိုးစားခြင်းဖြစ်ပါတယ်"** လို့ သစ္စာဆိုလေ့ရှိတယ်။

ဗုဒ္ဓဘာသာဝင်မင်းများတွင် အထင်ရှားဆုံးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးကို ကြည့်ဦးမလား၊ ဘုန်းလက်ရုံးအင်အားဖြင့် ဇမ္ဗူဒိပ်ခေါ်တဲ့ အိန္ဒိယတစ်ဝန်းလုံးကို သိမ်းကျုံးလွှမ်းမိုးပြီး တရားမင်းကြီးအဖြစ်နဲ့ အုပ်စိုးနိုင်ခဲ့တယ်။ အဲဒီအုပ်စိုးတဲ့နေရာမှာ လက်ညှိုးညွှန်ရာရေဖြစ်ရတယ်ဆိုတာမျိုးကို ဘုန်းတန်ခိုးချည်း မမှတ်ကြနဲ့။ စစ်တပ်ကလည်း စွမ်းရည်သတ္တိနဲ့ ဘုရင်အပေါ်မှာ သစ္စာရှိလို့သာ အုပ်စိုးနိုင်တာဖြစ်တယ်။ အဲဒီလို အုပ်စိုးပြီး သာသနာတော်အကျိုးရွက်ဆောင်ပုံကိုတော့ မပြောနဲ့တော့။ အိမ်ရှေ့မင်းအရာကို မှန်းထားတဲ့ သားတော် မဟိန္ဒမင်းသားနဲ့ သမီးတော် သံဃမိတ္တာကိုပင် ဗုဒ္ဓသာသနာတော် သွတ်သွင်း၍ ရင်းရင်းနှီးနှီးချီးမြှောက်တော်မူတယ်။ တိုင်းသူပြည်သားတွေ တရားမျှတအောင် တရားစာကျောက်တိုင်တွေ အနှံ့အပြားစိုက်ထူကာ ဘာသာရေးကိုလည်း ကြိုးစားတော်မူခဲ့တယ်။

ယခုမြန်မာနိုင်ငံမှာရှိတဲ့ သာသနာတော်ဟာ ထိုမဟိန္ဒမထေရ်ကဆက်သွယ်လာတဲ့ သာသနာတော်ပဲ၊ အကယ်၍ ဓမ္မာသောကမင်းမှာ ဘုန်းတန်ခိုးနှင့် စစ်တပ်အင်အား နည်းပါးခဲ့ပါမူ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာရှိကောင်းမှရှိမယ်၊ ဒါကြောင့် မြန်မာနိုင်ငံရဲ့ လက်ရှိသာသနာတော်ဟာ ဟိုဓမ္မာသောကမင်းရဲ့စစ်တပ်နှင့် အဆက်အသွယ်မကင်းဘူးဆိုလျှင် မှားမယ်မထင်ဘူး၊ ဒါကြောင့် အားလုံးသော စစ်ဗိုလ်စစ်သားတွေမှာ သာသနာကို စောင့်ရှောက်လိုတဲ့စိတ်လည်း အမြဲရှိစေလိုတယ်။ x x x

ယခုအခါ 'ရဲဘော်'လို့ ခေါ်နေကြတဲ့ တပည့်တို့ရဲ့ စစ်ဗိုလ်ဘဝ၊ စစ်သားဘဝဟာ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်နေတဲ့ဘဝဖြစ်သောကြောင့် အလွန်အထက်တန်းရောက်နေတဲ့ ဘဝဖြစ်ကြောင်းကို အမှန်အတိုင်းနားလည်စေချင်တယ်။ ရှေးမင်းကောင်းမင်းမြတ်များနှင့် ဘုန်းကြီးတို့ရဲ့အလောင်းအလျာများလည်း မိမိကိုယ်တိုင် စစ်သား၊ စစ်ဗိုလ်ဘဝနှင့်ဖြစ်စေ၊ စစ်တပ်ကို အဖော်သဟဲလုပ်၍ဖြစ်စေ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးကို ရွက်ဆောင်ကာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီကို ဖြည့်ကျင့် သွားကြတာတွေ တွေ့ရတယ်။ x x x နိုင်ငံက စစ်သည်တော် တပ်သားတွေကို လေးစားခြင်း၏ အကြောင်းကို စဉ်းစားကြစို့၊ အနော်ရထာစသော ရှေးမင်းကောင်းတို့ လက်ထက်ကပင် နိုင်ငံတော်ကို တိုးတက်အောင်၊ လုံခြုံအောင် စစ်တပ်ကစောင့်ရှောက်ခဲ့ပုံမှာ ယခုအထိ ထင်ရှားနေတယ်။ ပြီးတော့ များစွာသောစစ်သားတွေဟာ ဆွေမျိုးဉာတိ သားမယားနှင့်ခွဲပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြရှာတယ်။ အနစ်နာခံစရာရှိလျှင် သူတို့ပင် အနစ်နာခံရှာကြတယ်။ x x x

*စာမျက်နှာ ၁၇ သို့*

- မြန်မာ့တပ်မတော်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်အသွယ်သွယ်ကို မကျရောက်အောင် ကာကွယ်တားဆီးခဲ့သကဲ့သို့ နောင်လည်း ကာကွယ်တားဆီးသွားမည်သာဖြစ်သည်
- တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ်သို့ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာပါကလည်း တိုင်းရင်းသားပြည်သူတို့နှင့်အတူ တွန်းလှန်ဖယ်ရှားခဲ့သော အတွေ့အကြုံများရှိသကဲ့သို့ နောင်အနာဂတ်တွင်လည်း တွန်းလှန်ဖယ်ရှားသွားမည်သာဖြစ်သည်

*စာမျက်နှာ ၁၆ မှ*

ဗုဒ္ဓမြတ်စွာလက်ထက်တော်က ဝေသာလီပြည်မှာ "သီဟ" စစ်သူကြီးဆိုတာ လိစ္ဆဝီမင်းအပေါင်းတို့ရဲ့ စစ်သူကြီးဖြစ်တယ်။ နဂိုက လည်း လိစ္ဆဝီမင်းသားတစ်ပါးပဲ။ သူဟာ ပထမတုန်းက "နိဂဏ္ဌ" ဆရာကြီးကို ကိုးကွယ်တယ်။ နောက်မှ အစည်းအဝေးတစ်ခုမှာ လိစ္ဆဝီမင်းအများ ပြောနေတဲ့ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကိုကြားရလို့ ဗုဒ္ဓထံ သွားချင်စိတ်ပေါ်လာတယ်။ သို့သော် ဗုဒ္ဓထံသွားလိုကြောင်း "နိဂဏ္ဌ" ဆရာကြီးအား ပန်ကြားတဲ့အခါ ဆရာကြီးက ဝါဒချင်းမတူသဖြင့် မသွားသင့်ဘူးဟု တားမြစ်သောကြောင့် သွားဖို့အစီအစဉ်ပျက်သွား တယ်။ ဒုတိယအကြိမ် ဂုဏ်တော်တွေကိုကြားလို့ သွားဖို့ခွင့်တောင်း တော့လည်း ဖျက်ပြန်တာပဲ။

တတိယအကြိမ်ကျတော့ ဆရာကြီးထံ ခွင့်မပန်တော့ဘဲ တစ်မြို့ လုံးကို ကြွေးကြော်ပြီးမှ ရထား ၅၀၀ ခြံရံလျက် ဗုဒ္ဓထံသွားလေရာ တရားဒေသနာကို ကြားနာအပြီးမှာ သောတာပန်ဖြစ်သွားတယ်။ ဒီလိုသောတာပန်ဖြစ်ပေမယ့် စစ်သူကြီးဟာ စစ်သူကြီးဘဝနဲ့ပဲ တရား သောနည်းလမ်းဖြင့် တိုင်းပြည်ကို တာဝန်ထမ်းဆောင်နေပါတယ်။ အဲဒီစစ်သူကြီးအကြောင်းနဲ့စပ်ပြီး ဒီလိုစစ်တပ်တွေကို ရှေးရှေးတုန်းက သောတာပန်စစ်ဗိုလ်ချုပ်ကြီးတွေ အုပ်ချုပ်နေကြတယ်လို့ သင်ခန်းစာ ရယူကြစေလိုပါတယ်" ဟူ၍ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ မြန်မာ့ တပ်မတော်ဆိုင်ရာဒေသနာတော်ကို နာကြားလေ့လာရုံမျှနှင့်ပင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ အစွန့်ရှည်ကြာစွာ တည်တံ့ထွန်းကားပြန့်ပွားရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍတို့မှာ ခွဲ၍မရဘဲ အညမညသဘောဖြင့် အပြန်အလှန် ကျေးဇူးပြုနေပုံကို ထင်ရှားစွာသိမြင်ကြမည်ဖြစ်ပါသည်။

### တပ်မတော်စွမ်းအား ပြည့်အင်အား

x x ရဲသော် မသေ
သေသော် ငရဲမလား
ဆိုရိုးစကားရှိ
အမိမြေပေါ် နယ်ကျော်မခံ
ပုဂံရဲသွေး ဖိတ်ဖိတ်ပြေးခဲ့
နယ်ချဲ့ဘီလူး၊ ဖုန်းဆိုးရှူးကို
ဖြိုလှဲတိုက်ထုတ်၊ ဇာတိရုပ်ပြ
မြန်မာ့ရဲသွေး၊ နီစွေးစွေးဟု
ထုဆစ်ရေးတင်၊ သမိုင်းထင်ကျန်
ပွဲလျှံဟည်းမည်၊ ကမ္ဘည်းတည်ထိုး
စည်းလုံးမိုးသွန်းဖြိုးရွာ၊
ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
ဒို့အရေးသုံးပါး၊ ဦးထိပ်ထားကာကွယ်
ဘယ်သူခွဲခွဲ၊ တို့မကွဲဟု
စွဲပြုခံယူ၊ ပြည်သူနှင့်တပ်
တပ်နှင့်ပြည်သူ၊ ချစ်ကြည်ဖြူလက်တွဲ
အောင်ပွဲအဆင့်ဆင့်ခံသတည်း x x

ကျွန်တော် မြဝတီစာပေတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတွင် ပါဝင်တာဝန်ယူခဲ့ရရာ ကဗျာ စာဆို ကျော်မြင့်လွင် (ရွှေကိုင်း) ၏ ဒို့တာဝန်အရေးသုံးပါး သရုပ်ဖော် ကဗျာကို နှစ်ခြိုက်ရွေးချယ်ဖော်ပြပေးခဲ့သည်ကို အမှတ်ရ၍ ပြန်လည် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာ့တပ်မတော်သမိုင်းစဉ်ကို ပြန်ကြည့်မည်ဆိုပါလျှင်–

- အမျိုးချစ်စိတ်ဓာတ် ပြင်းပြသည့် အစဉ်အလာ
- ကိုယ်ကျိုးကို ပဓာနမထားဘဲ တိုင်းပြည်နှင့် လူမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာကို အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက် ခဲ့သည့်အစဉ်အလာ
- နိုင်ငံတော်၏လွတ်လပ်ရေးကို ရယူပေးခဲ့သည့်အစဉ်အလာ
- ပြည်တွင်း ပြည်ပ အန္တရာယ်မှန်သမျှကို တွန်းလှန်ပြီး နိုင်ငံတော် နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို စောင့်ထိန်းပေး ခဲ့သည့် အစဉ်အလာ
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အစဉ်အလာ
- ငြိမ်းချမ်းရေးကို နှစ်သက်မြတ်နိုးသည့် အစဉ်အလာ
- ရှေ့ကဦးဆောင်၍ စံနမူနာပြ ပြုလုပ်တတ်သည့်အစဉ်အလာ

တို့ကို ထင်ရှားစွာတွေ့မြင်ကြရမည်ဖြစ်ပါသည်။

တပ်မတော်သားများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါး (ဝါ) မြန်မာနိုင်ငံတော်၏ အဓိကအကျဆုံးသော အမျိုးသားရေးတာဝန်သုံးရပ်ကို မြန်မာ့ တပ်မတော်၏ တစ်ခုတည်းသောယုံကြည်ချက်၊ ခံယူချက်အဖြစ် နှလုံးပိုက်ထားကြစမြဲပင်ဖြစ်ပါသည်။

x x x သူ့တပ် တို့တပ်၊ စစ်မြေရပ်ဝယ်
ကျပ်ကျပ်တည်းတည်း၊ စည်းစည်းရုံးရုံး
နှလုံးမတွန့်၊ စိတ်ကို လွန့်လျက်
သက်စွန့်များသူ၊ နိုင်မြဲယူလေ့
သူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်
အားကြိုးတင်းတင်း၊ လူအချင်းချင်းကို
ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့
သူ့နိုင်ငံသား၊ သံမှုန့်စားမှ
တို့ခေးတုံးမည်၊ မှတ်တော်တည်လေ့"

ဟူသော "နန္ဒိသေနပျို့" က မြန်မာ့တပ်မတော်သားတို့၏ လေ့ခွက်ချည်းကျန် အောင်လံမလှဲသည့် သံမဏိစိတ်ဓာတ်ကို အစဉ်ဖော်ပြလျက်ရှိပါသည်။

**တပ်မတော်သားများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါး (ဝါ) မြန်မာနိုင်ငံတော်၏ အဓိက အကျဆုံးသော အမျိုးသားရေးတာဝန်သုံးရပ်ကို မြန်မာ့တပ်မတော်၏ တစ်ခုတည်းသောယုံကြည်ချက်၊ ခံယူချက်အဖြစ် နှလုံးပိုက်ထားကြစမြဲပင်ဖြစ်ပါသည်**

စင်စစ်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာလျှင် အချိန်မရွေး လက်ရုံးရည်ရော နှလုံးရည်ပါ သတ္တိဗျတ္တိအပြည့်အဝဖြင့် မကြောက် မရွံ့ နောက်မတွန့်ဘဲ ရင်ဆိုင်ဆင်နွှဲတိုက်ပွဲဝင်ကြသူများမှာ တပ်မတော်သားများပင်ဖြစ်ကြသည်။ သာဓကအားဖြင့် ထင်ရှားသော သမိုင်းသာဓကတစ်ခုကို ထုတ်နုတ်တင်ပြရမည်ဆိုပါလျှင် ဖက်ဆစ် တော်လှန်ရေးဆင်နွှဲခဲ့စဉ်ကာလတွင် ထိုစဉ်က မျိုးချစ်လူငယ် တို့သည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် အသက်မပြည့် သေးဘဲ မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ် ပြင်းပြစွာဖြင့် ထိုစဉ်က မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်း၌ ဖွင့်လှစ်ခဲ့သော မူလတန်း စစ်ပညာသင်တန်းသို့ တက်ရောက်ခဲ့ကြသည်။ ထိုစဉ်က အရေးပေါ် တော်လှန်ရေးကာလဖြစ်၍ မူလတန်းစစ်ပညာသင်တန်းသို့ အသက် ၁၄၊ ၁၅၊ ၁၆ နှစ်အရွယ် မျိုးချစ်လူငယ်များကို တက်ရောက်ခွင့် ပေးခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကို ယခုတော်လှန်ရေးပန်းခြံ၌ ဗိုလ်ချုပ် အောင်ဆန်းက တပ်ထွက်မိန့်ခွန်းပြောကြားပြီးနောက် စတင်ချီတက် ခဲ့ရာ မူလတန်းစစ်ပညာသင်တန်းဆင်း ရဲဘော်ငယ်တို့သည် ရှေ့ဆုံး တန်းမှ ချီတက်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလ၌ တိုင်း(၁)၊ မင်းလှစည်သူတိုင်း တပ်ရင်းအမှတ် ၁၀၀၃ တွင် မူလတန်းတပ်ဖွဲ့ဝင်များ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဆင်နွှဲခဲ့ရာ ထူးခြားသောအောင်မြင်မှု ရရှိခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး မူလတန်းတပ်ဖွဲ့ဝင် ရဲဘော်ငယ်ကလေးက ဂျပန်စစ်သုံ့ပန်းကို အမိအရဖမ်းဆီးကာ ထိုစဉ်က အင်္ဂလိပ်တပ်ဖွဲ့သို့ သွားရောက်အပ်နှံခဲ့ရာ အင်္ဂလိပ်နယ်ချဲ့၏တပ်ဖွဲ့မှ အရာရှိကြီးများမှာ ကြက်သီးမွေးညင်းထအောင် အံ့အားသင့်စွာ ချီးကျူးခဲ့ရသည်မှာ မြန်မာ့တပ်မတော်သမိုင်းတွင် မော်ကွန်းစိုက်ထူခဲ့ရသည်အထိ ထူးချွန်ပြောင်မြောက်ခဲ့ပါသည်။

ဤနေရာတွင်စပ်လျဉ်း၍ ထိုစဉ်က ရန်ကုန်မင်္ဂလာဒုံ စစ်တက္ကသိုလ်ဗိုလ်သင်တန်းကျောင်းမှ မူလတန်းစစ်ပညာသင်တန်းကို သတင်းစာမှခေါ်ယူခဲ့သည့် ကြော်ငြာစာကို သမိုင်းဝင်မှတ်တမ်းတစ်ခု အဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်–

**အလိုရှိသည်**
**မူလတန်းစစ်ပညာသင်ကျောင်း–မင်္ဂလာဒုံ**
**ဒုတိယအပါတ်စစ်ပညာသင်ကြားရန်**
**ကျောင်းသားသစ်များထပ်မံရွေးချယ်မည်**

၁၃၀၅ ခု တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့အထိ မူလတန်း စစ်ပညာသင်ကြားရေးအတွက် လျှောက်လွှာများကို လက်ခံလိမ့်မည် ဖြစ်ကြောင်း၊ လျှောက်လွှာရှင်များသည် အောက်ပါပုံစံအတိုင်း လျှောက်ထားနိုင်ကြောင်း

(က) အမည်----- အသက်(၁၄ နှစ်မှ ၁၆ နှစ်အထိ)
(ခ) လူမျိုး----- ပညာအရည်အချင်း -----
(ဂ) မိဘနေရပ်အပြည့်အစုံ -----

လျှောက်လွှာရှင်များသည် တိုင်းပြည်ကို ကာကွယ်ရန် စိတ်ဓာတ် ရင့်သန်၍ ကိုယ်အင်္ဂါကျန်းမာသန်စွမ်းပြီးလျှင် မိမိတို့သင်ကြား တတ်မြောက်ထားသောပညာများနှင့် ကျွမ်းကျင်သည့်ဘာသာများ ရေးသားရမည့်အပြင် မိမိတို့ပေးထားသောအသက်ကို ဟုတ်မှန် ကြောင်း မြို့--- ရွာ --- ခရိုင်အရာရှိများက တာဝန်ခံသည့် လက်မှတ် ပါရှိရမည်ဖြစ်ကြောင်း၊

၁၃၁၅ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ကျန်းမာခြင်း စစ်ဆေး၍ ၎င်းလဆန်း ၁၁ ရက်နေ့တွင် သင်္ချာ၊ ပထဝီ၊ ရာဇဝင်၊ မြန်မာစာ၊ နိပ္ပွန်စာ စသည်များကို မေး၍ အဖြေခိုင်းမည်ဖြစ်ကြောင်း၊ အလယ်တန်းနှင့် အထက်တန်းတက်သူများကို ပိုမို၍ အခွင့်အရေးပေး မည်ဖြစ်ကြောင်း၊

ကျန်းမာခြင်းအောင်သောသူများအနက် ၅၀ ယောက်တို့အား မူလတန်းစစ်ပညာသင်ကျောင်း မင်္ဂလာဒုံသို့ တက်စေ၍ ကျန်သူ ၅၀ အား အချက်ပြဆက်သွယ်ရေးပညာသင်တန်းသို့ ဝင်ခွင့်ပြုမည် ဖြစ်ကြောင်း၊

ကျောင်းတက်နေစဉ်တွင် အစစကုန်ကျစရိတ်အပြင် အဝတ် အစားနှင့် လစဉ်မုန့်ဘိုးငွေ ၁၀ ပေးလိမ့်မည်။

ကျောင်းဝင်ပြီးသောအခါ ကျောင်းသားက မိမိ၏သဘောအရ ကျောင်းနုတ်ထွက်နိုင်ခွင့်မရှိ၊ သင်ခန်းစာကောင်းစွာမလေ့လာသူများ၊ စာသင်လိုသောစိတ်ထက်သန်ခြင်း မရှိသူများ၊ ကျန်းမာခြင်းမညီညွတ် သူများတို့အား ကျောင်းမှနုတ်ထွက်ရန် အမိန့်ပေးလိမ့်မည်။

မူလတန်းစစ်ပညာသင်သူများသည် အကြမ်းအားဖြင့် နှစ်နှစ်ကြာ မည်၊ လေ့ကျင့်ခန်းများ၏ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဗမာ့တပ်မတော်အရာရှိဗိုလ်များ ဖြစ်လာနိုင်ရန် သင်ကြားလေ့ကျင့် ရန်နှင့် မိမိတို့၏အတွင်းစိတ်ဓာတ်မြင့်မြတ်အောင် လေ့ကျင့်ရန် ဖြစ်ကြောင်း၊

လျှောက်လွှာရှင်များသည် ရန်ကုန်မြို့၊ ပြည်လမ်း၊ စစ်ဝန်ကြီးရုံး စစ်ပညာညွှန်ကြားရေးဌာနသို့ ၁၃၁၅ ခု တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ နောက်ဆုံးလျှောက်ထားနိုင်ကြောင်း။

**သိန်းဟန်**
**ဗိုလ်မှူး၊ ကလေး၊ အထွေထွေဌာနမှူး**
**စစ်ဝန်ကြီးရုံး၊ နေပြည်တော်**

ဟူ၍ဖြစ်သည်။

ချုပ်၍ဆိုပါလျှင် မြန်မာ့တပ်မတော်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်အသွယ် သွယ်ကို မကျရောက်အောင် ကာကွယ်တားဆီးခဲ့သကဲ့သို့ နောင်လည်း ကာကွယ်တားဆီးသွားမည်သာဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*

# 32nd Junior Golf Myanmar Championship ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**
မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၂) ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို မတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဆုများဆက်လက်ချီးမြှင့်သည်။ ရှေးဦးစွာ ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးဌေးအောင်က အသက် ၁၂ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် တတိယဆုရရှိသော ထူးမြတ်အောင်၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်သန်းထွဋ်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော ဇာနည်ထွန်းဝင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး ၁၄ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယဆုရရှိသော ယုယု၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။




ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော အေးစုအောင်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမဆုရရှိသော စုလတ်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော ကောင်းဆက်ဝန်း၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော သုတ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ဒုတိယဆုရရှိသော ထက်အောင်ဝင့်၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွဋ် တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

32nd Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုညီလေး၊**
**ဓာတ်ပုံ–MGF**

# တာချီလိတ်မြို့၌ ငွေကျပ် ၁၆၈၀ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် စံပယ်ဖြူလမ်းရှိ မိုတယ်အခန်းအမှတ်(A–1) ကို သတင်းအရရှာဖွေရာ ဘိုဘိုအောင်(ခ)ကိုအောင် နှင့် မင်းကိုခိုင်(ခ) မောင်ခိုင် တို့အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၅၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၈၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဘိုဘိုအောင်(ခ)ကိုအောင် ၃၇ နှစ်



နှင့် မင်းကိုခိုင် (ခ)မောင်ခိုင် ၂၈ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆*ကျောဖုံးမှ*
မတ် ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက်၌ ဝိုင်အောင်မြင့် ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ကျော်ရဲသူ ကို ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာ သွားလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဂေါ်ယုံဆင်း ကို ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၅၄ လမ်း၊ ၁၀၉ (B)နှင့် ၁၁၀ လမ်းကြားရှိရှင်း၏နေအိမ်၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး(**အောက်ပုံ**) ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဝိုင်အောင်မြင့်ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော်နှင့်အတူ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အားဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



# နောင်ချိုမြို့၌ ငွေကျပ်သိန်း ၁၂၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် အောင်စိုးဦး မောင်းနှင်ပြီး မလှဲ့ရည်ထွန်း လိုက်ပါလာသည့် Mitsubishi Pajero အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အောင်စိုးဦး ၃၁ နှစ်နှင့် မလှဲ့ရည်ထွန်း ၃၂ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*
တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ်သို့ ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါကလည်း တိုင်းရင်းသားပြည်သူတို့နှင့်အတူ တွန်းလှန်ဖယ်ရှားခဲ့သော အတွေ့အကြုံများရှိသကဲ့သို့ နောင်အနာဂတ်တွင်လည်း တွန်းလှန် ဖယ်ရှားသွားမည်သာဖြစ်သည်။

တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက် အကျိုးရှိစေမည့် စီမံကိန်း၊ စီမံချက်အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ရာတွင်လည်း တပ်မတော်သည် ကျရာအခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ နောင်လည်း ပါဝင်ဆောင်ရွက်နေမည်သာဖြစ်သည်။

နိုင်ငံတော်၏လွတ်လပ်မှု အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို စိတ်ချလက်ချကာကွယ်စောင့်ရှောက်နိုင်သည့် အခြေအနေရှိအောင် အဆက်မပြတ်တည်ဆောက်နေမည်သာဖြစ်သည်။

နိုင်ငံသားများအားလုံး၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ ကျစ်လျစ်ညီညွတ်သည့် စည်းလုံးရေးကို တည်ဆောက်ထိန်းသိမ်းနေမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင်လည်း အဆက်မပြတ်တည်ဆောက်သွားမည်သာဖြစ်သည်။

တပ်မတော်သည် အဖွဲ့အစည်းအားလုံးထဲတွင် အင်အားတောင့်တင်းအခိုင်မာဆုံးသောအဖွဲ့အစည်း (Strong Institution) ဖြစ်သည်ကို မြန်မာ့သမိုင်းဖြစ်စဉ်များက သက်သေခံလျက်ရှိသည်။ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသောတပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူတို့အကျိုးတို့ကို ဦးထမ်းပွဲထမ်းဆောင်ရွက်လျက်ရှိသည်။

စင်စစ်မှာ တပ်မတော်သည် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူ၍ နေ့စဉ်သစ္စာဆိုထားကြသူများဖြစ်၍ လက်တွေ့ဘဝ၌လည်း အသက်ကို **မခေါက်မရက်** စွန့်လွှတ်ဝံ့သောတိုင်းချစ်ပြည်ချစ် ပြည်သူ့သစ္စာခံများဖြစ်ကြသည်။ ငါးနှစ်တာ သတ်မှတ်ကာလကလေးအတွက် ဒေသတစ်ခုခုကို ကိုယ်စားပြုရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်မဟုတ်စေကာမူ ရာသက်ပန်တာဝန်ထမ်းဆောင်ရန် နိုင်ငံတော်က အပ်နှင်းထားသည့် ထာဝရပြည်သူ့ကိုယ်စားလှယ်များသာဖြစ်ကြသည်။ သို့ဖြစ်၍ အမိမြန်မာပြည်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်သည် နိုးကြားစွန့်စား ရဲဝံ့ပြတ်သားစွာ ပြည်သူ့သစ္စာကို စောင့်သိတာဝန်ကျေပွန်စွာ တာဝန်ထမ်းဆောင်သွားမည်သာဖြစ်ပါသတည်း။ ။

❏ ❏ ❏

# လက်ငင်းကိုင်တွယ်ဖြေရှင်းရမယ့် ရာသီဥတုဖောက်ပြန်မှုအကျိုးဆက်ပြဿနာ
## မျိုးစိတ်ပေါင်း ၄၄၀၀၀ ကျော်၏ မျိုးသုဉ်းအန္တရာယ်

မြန်လင်းမောင်



အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature– IUCN)ရဲ့ နောက်ဆုံးထွက်ရှိလာတဲ့ အစီရင်ခံစာတစ်ရပ်အရ ကမ္ဘာပေါ်ရှိ ဇီဝမျိုးစိတ်ပေါင်း ၄၄၀၁၆ မျိုးခန့်ဟာ မျိုးသုဉ်းအန္တရာယ် ခြိမ်းခြောက်ခံနေရပြီလို့ ဆိုပါတယ်။

ရာသီဥတုပြောင်းလဲမှုဟာ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိတွေရဲ့ ရပ်တည်မှုတွေကို ခြိမ်းခြောက်နေပြီး အခြေခံလူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေတဲ့ သဘာဝရဲ့ စွမ်းဆောင်ရည်တွေကို ကျဆင်းစေတယ်လို့ IUCN ညွှန်ကြားရေးမှူးချုပ် ဂရီသယ်အာဂွယ်လာက ထုတ်ပြန်ချက်မှာ ပြောကြားလိုက်ပါတယ်။ IUCN အနီရောင်စာရင်းသစ်ဟာ ရာသီဥတုနဲ့ ဇီဝမျိုးစုံမျိုးကွဲအကျပ်အတည်းတွေအကြားက ခိုင်မာတဲ့ ချိတ်ဆက်မှုတွေကို မီးမောင်းထိုးပြနေတာဖြစ်ပြီး မျိုးစိတ်တွေ ကျဆင်းလာတာဟာ ကမ္ဘာကြီး ပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်မှာ ထိန်းသိမ်းထားနိုင်ဖို့ဆိုတဲ့ အရေးပေါ်ရည်မှန်းချက်ကြီးကို ရပ်တန့်ပစ်လိုက်နိုင်တဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ထင်သာမြင်သာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပြီး လက်ငင်းကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာတစ်ခုဖြစ်တယ်လို့လည်း အာဂွယ်လာက ဆိုလိုက်ပါတယ်။

ကမ္ဘာ့လူဦးရေ အဆမတန်တိုးလာတာနဲ့အမျှ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ပိုမိုထုတ်ယူသုံးစွဲလာတာကြောင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုကို ပိုမိုဖြစ်ပေါ်လာစေပါတယ်။ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)ရဲ့ သုတေသနရလဒ်တွေအရ မျိုးစိတ်ပေါင်း ၁၅၇၀၀ ကျော်အနက် ၂၈ ရာခိုင်နှုန်းဖြစ်တဲ့ မျိုးစိတ်ပေါင်း ၄၄၀၀၀ ကျော်ဟာ မျိုးသုဉ်းမှု အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ခြိမ်းခြောက်နေတဲ့ အကြောင်းတရားတွေကတော့ လူသားတွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ သဘာဝအကြောင်းတရားတွေ ပါဝင်ပါတယ်။ ဒါ့အပြင် IUCN ရဲ့ အကဲဖြတ်ချက်အရ ရေချိုငါးမျိုးစိတ်ပေါင်း ၃၀၈၆ မျိုးဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် မျိုးသုဉ်းအန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဆိုတာ သိရပါတယ်။

**ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်းရဲ့ အဓိက အကြောင်းတရားတွေကတော့ –** နေထိုင်ကျက်စားရာဒေသများ လျော့ပါး၊ ပျက်စီးလာခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း၊ လူဦးရေတိုးပွားလာပြီး မြို့ပြဖွံ့ဖြိုးလာတာနဲ့အမျှ လူနေအဆောက်အအုံတွေ ချဲ့ထွင်လာတာ၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာတာနဲ့ အခြားဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ငန်းတွေကြောင့် ဖြစ်ပါတယ်။

**ရာသီဥတုပြောင်းလဲမှု** – လူသားတွေ အသုံးပြုကြတဲ့ ရုပ်ကြွင်းလောင်စာတွေကို လောင်မြိုက်ရာကတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း စတဲ့ဓာတ်ငွေ့တွေဟာ လေထုထဲမှာ လိုအပ်တာထက်များလာပြီး ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေပြီးတော့ ရာသီဥတုကို ပြောင်းလဲမှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒီလိုရာသီဥတုပြောင်းလဲလာတာနဲ့အမျှ သက်ရှိတွေရဲ့ ပျံ့နှံ့ကျက်စားမှု၊ မျိုးပွားရှင်သန်မှုနှုန်းများနဲ့ ဂေဟစနစ်ရဲ့ ဟန်ချက်ညီမျှတမှုတွေကို အဟန့်အတားဖြစ်စေပြီး ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုကို ဖြစ်စေပါတယ်။ ရာသီဥတုဖောက်ပြန်တာတွေကြောင့် တောမီးလောင်ခြင်း၊ အပူလှိုင်းရိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်းနဲ့ မိုးခေါင်ရေရှားခြင်းစတဲ့ ဖြစ်ရပ်တွေဟာ ကမ္ဘာ့အရပ်ရပ်မှာ မကြာခဏ ဖြစ်ပွားနေပါတယ်။ ပညာရှင်တွေရဲ့ အဆိုအရ ၂၀၃၀ ပြည့်နှစ် မတိုင်ခင်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် တစ်နှစ်ကို လူဦးရေ ၅၃၀၀၀၀ ခန့် သေဆုံးနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒါ့အပြင် သစ်တောတွေ ပြုန်းတီးလာတာကြောင့်လည်း သစ်တောထဲမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ လူနေဝန်းကျင်နဲ့ နီးကပ်တဲ့နေရာတွေဆီကို ရောက်လာပြီး ငှက်တုပ်ကွေး၊ အီဘိုလာ၊ ကိုဗစ်ကပ်ရောဂါလိုမျိုး ဗိုင်းရပ်စ်ရောဂါပိုးတွေ သယ်ဆောင်လာတာကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုတွေကိုလည်း ကြုံတွေခဲ့ရပြီး ကြုံတွေ့နေရဆဲလည်း ဖြစ်ပါတယ်။ ဒါဟာ သဘာဝတရားရဲ့ ဒဏ်ခတ်မှုတွေလို့လည်း ဆိုနိုင်ပါလိမ့်မယ်။

**မြေ၊ ရေ၊ လေ ညစ်ညမ်းမှု**– စက်ရုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနဲ့တွင်းထွက် တူးဖော်ရေးလုပ်ငန်းတွေကနေ ထွက်တဲ့ အညစ်အကြေးတွေနဲ့ ပလတ်စတစ်ညစ်ညမ်းမှုတွေကြောင့်လည်း ဇီဝမျိုးစုံမျိုးကွဲတွေရဲ့ အသက်ရှင်ရပ်တည်မှုကို ထိခိုက်စေပါတယ်။ ဥပမာဆိုပါက တစ်နှစ်မှာ ပလတ်စတစ် မက်ထရစ်တန်ချိန်ပေါင်း ၄ ဒသမ ၈ သန်းကနေ ၁၂ ဒသမ ၇ သန်းဟာ ပင်လယ်သမုဒ္ဒရာတွေထဲကို ဝင်ရောက်နေပြီး ပင်လယ်နေသတ္တဝါတွေအပေါ် ဆိုးကျိုးသက်ရောက်မှု များစွာပေးလျက်ရှိပါတယ်။

**အရင်းအမြစ်တွေ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း**– လွန်လွန်ကဲကဲ အမဲလိုက်သတ်ဖြတ်ခြင်း၊ ဖမ်းဆီးရောင်းချခြင်း၊ ငါးဖမ်းဆီးခြင်း၊ သစ်ခုတ်ခြင်းတို့ဟာ ဇီဝမျိုးစုံမျိုးကွဲတွေ ဆုံးရှုံးမှုရဲ့အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။

ကျူးကျော်မျိုးစိတ်များ ဝင်ရောက်လာခြင်းတွေဟာ ဒေသရင်းမျိုးစိတ်တွေရဲ့ ရှင်သန်မှုကို လွှမ်းမိုးပြီး ဂေဟစနစ်ရဲ့ ဟန်ချက်ညီမျှမှုကို ပျက်စီးစေပါတယ်။

**ကူးစက်ရောဂါပိုးများ များပြားလာခြင်း**– ရောဂါပိုးရှိနေတဲ့ တိရစ္ဆာန်တွေကို ဖမ်းဆီးခြင်းနဲ့ ကုန်သွယ်ရောင်းချခြင်းကနေ ကူးစက်ရောဂါပိုးများ ပျံ့နှံ့လာပြီး သတ္တဝါတွေကို သေကျေပျက်စီးစေပါတယ်။

ဒါတွေဟာ ဇီဝမျိုးစုံမျိုးကွဲတွေ ဆုံးရှုံးခြင်းကိုဖြစ်စေတဲ့ အခြေခံအကြောင်းတရားတွေ ဖြစ်ပြီးတော့ ဒီလိုသိရှိနားလည်ပြီး ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိမျိုးစိတ်တွေ ဒီထက်ပိုပြီး ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းကာကွယ်ကြဖို့လိုပါတယ်။

### ဘယ်လိုကာကွယ်ကြရမလဲ

မျိုးစိတ်တွေ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းနိုင်ဖို့အတွက် ကျွန်တော်တို့ လူသားတွေအနေနဲ့ လုပ်ဆောင်နိုင်တဲ့ အချက်တွေကတော့ သစ်ပင်တွေစိုက်ပျိုးပါ။ ပလတ်စတစ်နဲ့ ဓာတုပစ္စည်းတွေကို လျှော့ချသုံးစွဲပါ။ မလိုအပ်တဲ့ပစ္စည်းတွေ မဝယ်ပါနဲ့။ ဒေသထွက် အော်ဂဲနစ်အစားအစာတွေကို အဓိကဝယ်ယူ စားသောက်ပါ။ အစားအသောက်တွေကို အလကားမဖြစ်ပါစေနဲ့။ ဒါဟာ လူသားတွေအတွက် လိုအပ်တဲ့ အစားအစာ ထုတ်လုပ်ဖို့ သဘာဝသယံဇာတအရင်းအမြစ်တွေ အသုံးပြုမှု၊ စွမ်းအင်နဲ့ ကုန်ကြမ်းတွေ အသုံးပြုရမှုကို တစ်ဖက်တစ်လမ်းက လျှော့ချပေးနိုင်တာကြောင့် ဖြစ်ပါတယ်။ ဒီအချက်တွေကို တစ်ဦးချင်းကအစ လိုက်နာလုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့ အသက်ရှင်ရပ်တည်ဖို့အတွက် အခမဲ့ဝန်ဆောင်မှုတွေပေးနေတဲ့ ဂေဟစနစ်တွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ပြန်လည်ပေါများလာဖို့ မိမိတို့တတ်နိုင်တဲ့ဘက်က ကာကွယ်ထိန်းသိမ်းဖို့အတွက် နည်းလမ်းကောင်းတွေအဖြစ် မျှဝေလိုက်ရပါတယ်။ ။

“သစ်တောထဲမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ လူနေဝန်းကျင်နဲ့ နီးကပ်တဲ့ နေရာတွေဆီကို ရောက်လာပြီး ငှက်တုပ်ကွေး၊ အီဘိုလာ၊ ကိုဗစ်ကပ်ရောဂါလိုမျိုး ဗိုင်းရပ်စ်ရောဂါပိုးတွေ သယ်ဆောင်လာတာကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုတွေကိုလည်း ကြုံတွေခဲ့ရပြီး ကြုံတွေ့နေရဆဲလည်း ဖြစ်ပါတယ်။ ဒါဟာသဘာဝတရားရဲ့ ဒဏ်ခတ်မှုတွေလို့ လည်းဆိုနိုင်

ကိုးကား –
(၁) 44,000 Species Are Threatened With Extinction, IUCN Reports
(၂) Myanmar Costal Consetvation Lab(MCCL)

# မိတ္ထီလာကန်အတွင်း ငှက်မျိုးစုံကျရောက်ကျက်စား

**မိတ္ထီလာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာကန်၌ ဒေသရင်းနေရပ်သို့ မပြန်ကြသေးသည့် ဆောင်းခိုငှက်များနှင့် အခြားငှက်မျိုးစုံ ကျရောက်ကျက်စားလျက်ရှိသည်။

**ကန်ရေကျသည့်နှစ်**

မိတ္ထီလာကန်မှာ မိုးရွာသွန်းမှုအနေအထားကြောင့် ကန်ရေကျတာ၊ ရေနည်းတာမျိုးက သုံးနှစ်တစ်ကြိမ် လေးနှစ်တစ်ကြိမ်လောက် ဖြစ်ပါတယ်။ အဲဒီနှစ်မျိုးဆို ငှက်မျိုးစုံ ကန်အတွင်းမှာ ကျက်စားလေ့ ရှိပါတယ်။ ဒီနှစ်ကလည်း ကန်ရေကျတဲ့နှစ်ဖြစ်တဲ့အတွက် ကန်ထဲမှာ လက်ကျန်ဆောင်းခိုငှက်တွေနဲ့ တခြားငှက်မျိုးစုံကို တွေ့မြင်နိုင်တာ ဖြစ်ပါတယ်”ဟု ဒေသခံ ငှက်ကြည့်ဝါသနာရှင် ကိုသိန်းထွန်းက ပြောသည်။

“ခါတိုင်းနှစ်တွေနဲ့ မတူတာကတော့ နှစ်စဉ်အကောင်ရေ အနည်းငယ်သာ တွေ့မြင်ရတဲ့ ဒေါင်းလန်းခြေထောက်ငှက်တွေကို အကောင်အရေအများအပြား တွေ့မြင်ရပါတယ်။ ခါတိုင်းနှစ်တွေမှာ ဒေါင်းလန်းခြေထောက်ငှက်ကောင်ရေ ၁၀ ကောင်ကနေ ၁၅ ကောင်လောက်ပဲ တွေ့မြင်ရတာ ဖြစ်ပေမယ့် ဒီနှစ် မိတ္ထီလာကန်ထဲမှာ ဒေါင်းလန်းခြေထောက် ကောင်ရေ ၅၀ ကျော်၊ ၆၀ ဝန်းကျင်လောက် တွေ့မြင်ရပါတယ်” ဟု ပြောသည်။

**ငှက်မျိုးစုံတွေ့မြင်နိုင်**

မိတ္ထီလာကန်အတွင်း ဒေသငှက်များဖြစ်သည့် ဗျိုင်း၊ မယ်ညို၊ စစ်စလီငှက်များနှင့် အတူ ဒေါင်းလန်းခြေထောက်၊ ခရုစုပ်၊ ခရုတုတ်၊ တစ်တီတူးခေါင်းမွဲ စသည့်ငှက်မျိုးစုံကို နန်းတော်ကုန်းရပ်ကွက်၊ ဝန်ဇင်းရပ်ကွက်၊ ကုလားမကျွန်းကျေးရွာ၊ အုတ်နဲဘုတ်ကျေးရွာနှင့် အင်းပက်လက်ကျေးရွာတို့နှင့် နီးစပ်သည့် ကန်ရေတိမ်ရေစပ် နေရာများ၌ တွေ့မြင်နိုင်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## မိုးကုတ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂

ဒေါ်မြင့်မြင့်လွင် နှင့် ၁။ ဒေါ်ခင်မာဝင်း
၂။ မသူဇာမင်း
၃။ ကိုမင်းဇင်ခ
၄။ မဇူးသက်လယ်
၅။ ကိုသူရအောင်
(တရားလို) (တရားပြိုင်များ)

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ စည်ပင်ကျေးရွာနေ ကိုမင်းဇင်ခ (ယခု လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မြင့်မြင့်လွင်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူနှင့် ကိုယ်စားလှယ်ရုံး၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်မည့်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုလှိုင်)
မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အကွက် (၄၄)၊ မင်္ဂလာဥယျာဉ်ရပ် အလျား ၂၀'၊ အနံ ၄၀' အိမ်နှင့် မြေအား (၁၇-၃-၂၀၂၄)ရက်တွင် ဝယ်ယူခဲ့သော ရောင်းချသူ ဦးဝိမာလ ဝယ်ယူသူ ဒေါ်မေသူလင်း (ဘ)ဦးတင်လေး (၅/ဖပန (နိုင်)၀၆၀၇၈၂ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်သည် တရားမဝင်ပျက်ပြယ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်မောင်မောင် ၁၃/လရန (နိုင်)၂၃၅၆၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏ဇနီး ဒေါ်မေသူလင်း၊ ကိုမြင့်မောင်မောင်တို့သည် တရားဝင်လက်ထပ်ပေါင်းသင်းကြသူများဖြစ်သောကြောင့် ၁၇-၃-၂၀၂၄ရက်က စာချုပ်ချုပ်ဆိုသော မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်အား အသစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်းနှင့် အကယ်၍ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အသစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှ (LL.B, LLM) (စဉ်-၁၂၅၆၅)
တရားလွှတ်တော်ရှေ့နေ
အကွက် (၁၂၁)၊ မြောက်ပုလဲဝင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၇၆၅၇၅၈၈၈၅

## တစ်ချက်တည်းကျင်းဝင်

၃၁-၃-၂၀၂၄ရက် နံနက် (၁၀:၃၀) နာရီအချိန်တွင် တပ်မတော်ဂေါက်ကွင်း၌ ဦးသောင်းမြင့် သည် ကစားဖော်များဖြစ်ကြသော ဦးစည်သူ၊ ဦးဝင်းလှိုင်၊ ဦးသိန်းမျိုးနိုင် တို့နှင့်အတူ ဂေါက်ရိုက်ကစားရာ Ping No.(9)တုတ်ဖြင့် Titlaist No(2)ဘောလုံးကိုရိုက်ရာ အကွာအဝေး(၁၅၅)ကိုက်၊ ကျင်းအမှတ်(၁၇) ကို တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇၂

ဒေါ်နန်းဝင်းစိန် (၎င်း၏ အထွေထွေကိုယ်စားလှယ် စာရသူ ဦးစိုင်းစိုင်းအွမ်လီ) နှင့် ၁။ ဒေါ်မြင့်မြင့်သိန်း(ခ) ဒေါ်နန်းမြင့်မြင့်သိန်း
၂။ ဒေါ်နန်းခမ်းဟွမ်
တရားလို တရားပြိုင်များ

သီပေါမြို့၊ အနောက်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၈၅)နေ ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်နန်းမြင့်မြင့်သိန်းနှင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၆ လမ်း၊ ၃၆-၃၇ လမ်းကြားနေ ဒေါ်နန်းခမ်းဟွမ် (ယခုနေရပ် လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက သက်သေခံတင်သွင်းထားသည့် စာရွက်စာတမ်းများ ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ် လ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယခရိုင်တရားသူကြီး (၅)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်၊ အကွက်(၄၅၇)၊ လက်ရွေးရပ်တွင်နေထိုင်သူ ဒေါ်ခင်စန်းတင့်(ဘ)ဦးမြမောင်(၉/မနတ(နိုင်)၀၄၃၉၆၀)ပိုင်ဆိုင်သော လက်ရွေးရပ်ရှိ ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် (၂x၃)ခန်းပတ်လည် တိုက်နှင့်တစ်ထပ်တိုက်အပါအဝင် တိုက်(၂)လုံးနှင့် စိုက်ပျိုးမြေ (၀.၂၀)ဧက အကျယ်အဝန်းရှိ မြေကွက်အား တူမများဖြစ်ကြသော ၁။ ဒေါ်သန်းသန်းဦး၊ ၂။ ဒေါ်သွယ်ငြိမ်းထွေးတို့အား မေတ္တာဖြင့် အပြီးအပိုင် လွှဲပြောင်းပေးကမ်းလိုက်ပါသည်။ အထက်ပါပေးကမ်းသည့် ပစ္စည်းရပ်များနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လွှဲပြောင်းပေးကမ်းသည်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မင်းဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၄၅)
အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၉၁၀၁၃၈၄၀၊ ၀၉-၉၄၂၆၀၂၃၄၀

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ အကွက် ၈၁၉၊ ပြည်ကြီးမျက်ရှင်၊ လေးတောင်ရပ်နေ ဖခင် ဦးဝင်းလှိုင် ၉/မရမ(နိုင်) ၀၄၃၆၂၅ မိခင် ဒေါ်တင့်တင့်လှိုင် ၉/မရမ(နိုင်)၀၈၈၄၃၇ တို့၏သားမောင်အောင်ခန့် ၉/ခအဇ(နိုင်) ၀၃၆၀၁၇ သည် မိဘများ၏ ပြောဆိုဆုံးမစကားတို့ မနာခံဘဲ မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။

၎င်းနှင့် ပတ်သက်သည့်အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးဝင်းလှိုင် -ဒေါ်တင့်တင့်လှိုင်

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(မူလ)ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်(၁)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုန်ထုတ်လမ်းတံတား Culvert လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - (၈-၄-၂၀၂၄)ရက်နေ့ (တနင်္လာနေ့)မှ (၂၆-၄-၂၀၂၄)ရက်နေ့(သောကြာနေ့)ထိ
(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန် - (၇-၅-၂၀၂၄)ရက်နေ့ (အင်္ဂါနေ့) (ညနေ ၄:၀၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ အကွက်အမှတ် ၀၁-၀၁/၁၊ ၆၈ လမ်း၊ နတ်ရေကန်အုပ်စု၊ အမရပူရမြို့၊

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇

TWAN FONE MAY(ခ)မလှလှမြင့် နှင့် ဦးသိန်းမြင့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(တတ-၁၂)၊ (စ)ရပ်နေ ဦးသိန်းမြင့်(ဘ)ဦးကြာဆိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

